ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957

### လောကကို ထွန်းလင်းတောက်ပ

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 July 2022 ၁၀၈၀၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက် ဂါရဝပြု



နေပြည်တော် ဇူလိုင် ၁၉

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ဂါရဝပြုသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ်။



**ယနေ့ ဖတ်စရာ**

**လျှော်ကျသောလမ်း ဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည်**

ဆောင်းပါး

စာမျက်နှာ » ၈



**ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၂၆ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၂

**ကမ္ဘာ့အဆင့်မီ မြန်မာ့ကော်ဖီ**

ဆောင်းပါး

စာမျက်နှာ » ၂၄

ကြေးမုံ

# သွေးထိုးလှုံ့ဆော်မှုများ ရှောင်ရှား ဥပဒေဘောင်အတွင်း လုပ်ကိုင်

မျက်မှောက်ခေတ် အိုင်တီနည်းပညာခေတ်ကာလတွင် အများပြည်သူတို့အနေဖြင့် ဆိုရှယ်မီဒီယာများကိုသာ များသောအားဖြင့် အသုံးပြုဆောင်ရွက်နေကြသည်။ မှန်ကန်သော အသိအမြင်ဗဟုသုတ သတင်းအချက်အလက်များနှင့် ဘဝအမောပြေ လူမှုဆက်ဆံရေးနယ်ပယ်တို့အတွက် အသုံးပြုကြရာ၌ ကောင်းကျိုးဆောင်ကြဉ်းပေးသော်လည်း လူမှုကွန်ရက်ကိုအသုံးပြု၍ မမှန်ကန်သော လုပ်ဆောင်မှုများ၊ တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွား ယုတ်လျော့ပျက်ယွင်းစေသော လုပ်ဆောင်မှုများကိုလည်း သတိပြုကြရမည်ဖြစ်သည်။

ယခုအခါ လူမှုကွန်ရက်ပေါ်မှ တရားမဝင်မီဒီယာများနှင့် မသမာသူအဖျက်သမားများက မမှန်ကန်သော သတင်းများ၊ ပုံကြီးချဲ့ကားထားသော သတင်းအချက်အလက်များ၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေသော သတင်းအမှားများ၊ သွေးထိုးလှုံ့ဆော်မှုများအား တစိုက်မတ်မတ်ပြုလုပ်လျက်ရှိရာ ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုနှင့် ထိတ်လန့်ကြောက်ရွံ့မှုများ ဖြစ်ပေါ်ကြသည်ကို တွေ့ရသည်။ ယင်းသို့ ပြုလုပ်နေမှုများအနက် လွန်ခဲ့သည့်ရက်ပိုင်းက NUG အကြမ်းဖက်အဖွဲ့က အွန်လိုင်းပေါ်မှ စာသင်မည်ပြောဆိုပြီး ပြည်တွင်း၌ Kaung For You ကျောင်းဖွင့်လှစ်ကာ မမှန်မကန်ဆောင်ရွက်မှုများကို ထုတ်ဖော်ဖမ်းဆီးရမိခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မသမာသူအချို့က အွန်လိုင်းပေါ်မှနေ၍ ၎င်းကျောင်းနှင့်ပတ်သက်ခဲ့သူများအား ထွက်ပြေးတိမ်းရှောင်ကြရန် ခြောက်လှန့်လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်နှင့် ပြည်သူတို့၏ အနာဂတ်အတွက် ပညာရေးကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ အခက်အခဲများကြားမှ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားမှုလိုအပ်ချက်ကိစ္စအဝဝကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး၊ အခမဲ့ပညာရေးကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုစာသင်နှစ်တွင် ပညာသင်ကြားမှု ရာခိုင်နှုန်းပြည့်နီးပါး ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယင်းအချိန်တွင် NUG အကြမ်းဖက်အဖွဲ့က ပြည်တွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများကို မြောက်ပင့်ထောက်ပံ့ပေးပြီး ဆရာ ဆရာမများနှင့် စာသင်ကျောင်းများကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ယမန်နှစ် ပညာသင်နှစ်ကလည်း ကျောင်းများပြန်လည်ဖွင့်လှစ်ပေးခဲ့သည်ကို အမျိုးမျိုးအဖုံဖုံနှောင့်ယှက်ခဲ့ကြပြီး မသမာသူအချို့က အွန်လိုင်းပေါ်မှတစ်ဆင့် သွေးထိုးလှုံ့ဆော် ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည်။ စစ်ကျွန်ပညာရေးကျောင်းမတက်ရေး၊ ပညာမသင်ပေးရေးပြုလုပ်ကာ ဆရာ ဆရာမများနှင့် လူငယ်လူရွယ်များ လမ်းမှားပေါ်သို့ရောက်အောင် ပြုလုပ်ခဲ့ကြသည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် နိုင်ငံရေးကိုအကြောင်းပြု၍ ပြည်သူများ လမ်းမှားပေါ်သို့ရောက်ရှိသွားခဲ့သည့် သမိုင်းကြောင်းများရှိသည်။ မျက်မှောက်ကာလတွင်လည်း နိုင်ငံရေးပြောင်းလဲမှုကို အကြောင်းပြု၍ အွန်လိုင်းပေါ်မှ သွေးထိုးလှုံ့ဆော်မှုများကြောင့် လူငယ်လူရွယ်များနှင့် ဆရာ ဆရာမများ လမ်းမှားပေါ်သို့ရောက်ရှိခဲ့ကြပြီး ဆင်းရဲဒုက္ခအခက်အခဲများနှင့် ကြုံတွေ့နေကြရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက လူငယ်လူရွယ်များအနာဂတ်နှင့် ပညာရေးကို ထိခိုက်မှုမရှိစေရေးအတွက် ပြစ်မှုကျူးလွန်ခြင်းမရှိသူများအား ပြန်လည်ဖိတ်ခေါ်ကြိုဆိုလက်ခံခဲ့ကြသည်။ ယခုအခါ CDM ဆရာ ဆရာမ အမြောက်အမြားကို ပြန်လည်လက်ခံပေးခဲ့ပြီး PDF အဖွဲ့သို့ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော လူငယ်လူရွယ် ၂၀၀ ကျော်ကိုလည်း ဥပဒေဘောင်အတွင်း ပြန်လည်ခိုလှုံခွင့်ပေးခဲ့သည်။ ယခုအခါ မမှန်မကန် တရားမဝင်ဆောင်ရွက်ခဲ့သည့် Kaung For You အွန်လိုင်းကျောင်းနှင့်ပတ်သက်၍ ယခုရက်ပိုင်းတွင် ပြည်သူများအား လမ်းမှားရောက်အောင် နိုင်ငံရေးအမြတ်ထုတ် အသုံးချလာကြသည်ကို တွေ့ရသည်။ အွန်လိုင်းပေါ်မှ သွေးထိုးလှုံ့ဆော်မှုများနှင့်အတူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် EAO အချို့က တရားမဝင်ကျောင်းနှင့် ပတ်သက်ခဲ့ကြသူများအား ၎င်းတို့ထံသို့ လာရောက်ကြရန် ကမ်းလှမ်းနေမှုများမှာ အလွန်အန္တရာယ်ကြီးမားသည်ကို သတိပြုကြရမည်ဖြစ်သည်။

အဆိုပါ တရားမဝင်ကျောင်းနှင့်ပတ်သက်၍ အဆိုပါဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကြသူများ၊ ဦးစီးဦးဆောင်ပြုလုပ်ခဲ့ကြသူများနှင့် ထိုဖြစ်စဉ်တွင် လူငယ်များအား လမ်းမှားရောက်အောင် တွန်းပို့ပေးနေကြသူများမှလွဲ၍ သွေးဆောင်ဖြားယောင်းခံရသည့် မိဘများနှင့် ကျောင်းသား ကျောင်းသူများအား အရေးယူရန်မရှိကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်က အတိအလင်း ပြောကြားထားသည်။ သို့ဖြစ်ရာ ပြည်သူများအနေဖြင့် မသမာသူများ၏ လှည့်ဖြားမှုကို နားမယောင်ဘဲ နိုင်ငံနှင့်ပြည်သူများ၏ အနာဂတ်ထိခိုက်ပျက်စီးစေရန် နည်းအမျိုးမျိုးအဖုံဖုံ ပြုလုပ်နေသည့် အန္တရာယ်များကို သတိပြုကြရန်လိုပြီး ကျောင်းသားလူငယ်များနှင့် မိဘပြည်သူများအနေဖြင့် ပညာရေးကို နည်းမှန်လမ်းမှန်ဆောင်ရွက်ခြင်းဖြင့် မိမိတို့အနာဂတ်ခရီးလမ်း ဖြောင့်တန်းအောင် ဆောင်ရွက်ကြစေလိုပါကြောင်း။ ။

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဝဲကြီးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ ဓမ္မဂုဏ်ရည် ကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်ရှိ ဓမ္မမာမက ကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ဒီပင်္ကရာကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မိုးညိုကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား တာဝန်ရှိသူများက ဆွမ်းဆန်တော်များ သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDFအမည်ခံအကြမ်းဖက်သမားများက ပေါက်မြို့နယ် ဒေါင်းသာကျေးရွာ သာသနာ့ဝံသ ဘုန်းကြီးကျောင်းမှ ဆရာတော်၏လည်ပင်းအား ဓားဖြင့် ရက်စက်စွာခုတ်၍ သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဇူလိုင်၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လက်နက်ငယ်များဖြင့် ဖောက်ခွဲပစ်ခတ်ခဲ့သည့်အတွက် မုံရွာ-မန္တလေး ကားလမ်းအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတွင် ပါလာသော အပြစ်မဲ့ပြည်သူနှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရသည့်ဖြစ်စဉ်”** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေး တင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့်အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့၌ (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**ညောင်လေးပင် ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီတွင် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဆုရကစားသမားများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စစ်တုရင်ပြိုင်ပွဲတွင် ဆုရရှိသောသူများအား တာဝန်ရှိသူများက



ဆုများချီးမြှင့်ခဲ့ပြီး တက်ရောက်လာသူများက အာဇာနည်ခေါင်းဆောင်များ၏ မှတ်သားဖွယ်ရာစာအုပ်စာစောင်များ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | – ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | – ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးမြင့်ကြိုင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များက အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီးနောက် နှစ်မိနစ် ငြိမ်သက်စွာ မေတ္တာပို့သ အမျှပေးဝေကြသည်။

**မေတ္တာပို့သအမျှပေးဝေ**

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွအာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက်မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီ/ပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊

စာမျက်နှာ ၄ သို့ »»



ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ ဗိုလ်ချုပ်အောင်ဆန်း၏မိသားစုကိုယ်စား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတိုးအောင်က လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



သခင်မြ၏ ဂူဗိမာန်၌ သခင်မြ၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဒီးဒုတ်ဦးဘချို၏ ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးဘဝင်း၏ ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်တစ်ဦးက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မန်းဘခိုင်၏ ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးရာဇတ်၏ ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ဦးအုန်းမောင်၏ ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။



ရဲဘော်ကိုထွေး၏ ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

»»» **စာမျက်နှာ ၃ မှ**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း တို့အပါအဝင် လူမှုရေးအသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြ သည်။

**စာမျက်နှာ ၅ သို့** »»»




## လွမ်းသူ့ပန်းခွေချ အလေးပြု

ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့ဝင်များ ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီး များ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြု ကြစဉ်။





နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြစဉ်။





မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြစဉ်။

»»» **စာမျက်နှာ ၄ မှ**

ယင်းနောက် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျတန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

**ကျင်းပဆောင်ရွက်ခဲ့**

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြစဉ်။





အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်သူများက ဂါရဝပြုကြစဉ်။

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

(၇၅)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဧည့်ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

**ရေစက်သွန်းချ အမျှပေးဝေ**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ် စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ သံဝေဂကထာတရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ တစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ နေ့ဆွမ်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအားရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း ရေစက်သွန်းလောင်း အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမကြီး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ရန်ကုန်မြို့တော်ဝန်နှင့် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ မိတ္ထီလာဆရာတော်ထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇ ပုဇွန်တောင် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး ဗိုလ်ချုပ်ဆောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ မိတ္ထီလာဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

## ဥတ္တရခရိုင် ပြည်သူ့စာကြည့်တိုက်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစုလှိုင်ဦးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး စာရေးဆရာစိန်ဝင်းနွယ် (ဘာသာပြန်)က အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် အာဇာနည်နေ့ အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင် စာရေးဆရာစိန်ဝင်းနွယ် (ဘာသာပြန်)က ပြန်လည်ရှင်းလင်းပြောကြားပြီး (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများပြသကြောင်း သိရသည်။

**ကျော်စွာဟိန်း(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၉**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# (၇၅)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ နိုင်ငံတော်အလံအား တိုင်ဝက်သို့လျှော့ချလွှင့်ထူခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၉**

(၇၅)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဝန်ကြီးများရုံး(ယခင်အတွင်းဝန်ရုံး)၌ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ကျင်းပသည်။

**တိုင်ဝက်သို့ လျှော့ချလွှင့်ထူ**

အခမ်းအနားသို့ (၇၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြပြီး နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ နှစ်မိနစ် ငြိမ်သက်စွာ မေတ္တာပို့အမျှပေးဝေကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ရန်ကုန်မြို့ ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)အတွင်းသို့ ယမန်နှစ်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဝင်ရောက်လေ့လာခွင့်ပြုထားခြင်းမရှိခဲ့သော်လည်း ယခု ၂၀၂၂ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပြသထားသည်။

ယနေ့ဇူလိုင် ၁၉ ရက်တွင် ဝန်ကြီးများရုံး (ယခင်အတွင်းဝန်ရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံနေရာတို့ကို နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် ယနေ့တစ်ရက်တာ အထူးဖွင့်လှစ်ပြသခဲ့သည်။ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားရှိပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ အစည်းအဝေးခန်းမနှင့် ပါလီမန်အဆောက်အအုံနေရာ၊ အခြားလေ့လာစရာ သမိုင်းဝင်နေရာများကို အများပြည်သူများ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရပြီး အများပြည်သူများ လာရောက်လေ့လာသည့်အခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

(၇၅)နှစ်မြောက်အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဥသြဆွဲအချက်ပေးပြီး ယာဉ်နှင့်ပြည်သူများက ရပ်တန့်ကာ ဦးညွှတ်အလေးပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ၊ အများပြည်သူနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင်ကျရောက်သည့် (၇၅)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူ၊ အများပြည်သူ၊ နိုင်ငံခြားသားများ လာရောက်လေ့လာကြသည်ကို တွေ့ရသည်။

မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်ကို ယမန်နှစ်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသတ်မှတ်ချက်များကြောင့် အွန်လိုင်းမှသာ ပြသခဲ့ရာ ယခုနှစ် အာဇာနည်နေ့တွင် အထူးပြပွဲအနေဖြင့် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

အမျိုးသားပြတိုက်(ရန်ကုန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီသောင်းက "ဒီနေ့ (၇၅) နှစ်မြောက် အာဇာနည်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အထူးပြပွဲအနေနဲ့ ခင်းကျင်းပြသထားပါတယ်။ ပြတိုက်အဝင်ဝမှာဆိုရင် ဒီနှစ်မှာအထူးအနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မိုဘိုင်း LED ဘုတ်အကြီးနဲ့ ဗိုလ်ချုပ်မိန့်ခွန်းတွေ၊ ဗိုလ်ချုပ်နဲ့သက်ဆိုင်တဲ့ အချက်အလက်တွေ၊ ဗိုလ်ချုပ်ဂုဏ်ပြုတဲ့ သီချင်းတွေကို ပြသထားပါတယ်။ ပြတိုက်အတက်လမ်းတစ်လျှောက်မှာ တပ်မတော်စစ်သမိုင်းပြတိုက်မှာပြသထားတဲ့ ဗိုလ်ချုပ်ရဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဘုတ်ပြား ၁၅ ချပ်နဲ့ ပြသထားပါတယ်။ ပြတိုက်အထွက်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဘဝဖြစ်စဉ်၊ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးဘဝဖြစ်စဉ်တွေ၊ နောက်ဆုံးတပ်မတော်ခေါင်းဆောင်ဘဝအထိကို ဘုတ်ပြား ၁၀ ချပ်နဲ့ ခင်းကျင်းပြသထားပါတယ်။ ပြတိုက်အတွင်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဘဝဖြစ်စဉ်တွေကို မြန်မာ/အင်္ဂလိပ်နှစ်ဘာသာနဲ့ အသစ်ပြန်လည်ခင်းကျင်းပြသထားပါတယ်။ ညှော့ခန်းမှာဆိုရင် ၁၉၆၄-၆၅ ခုက ပန်းချီဆရာကြီး ဦးငွေကိုင်ရေးဆွဲထားတဲ့ ရှားပါးတဲ့လက်ရာ၊ အိမ်နောက်ဖေးမှာ စျေးဆိုင်တည်ဆိုတဲ့ ပန်းချီကားကိုလည်း ပြသထားပါတယ်။ အပေါ်ထပ် ဗိုလ်ချုပ်ဇနီးမောင်နှံ အိပ်ခန်းမှာ ဗိုလ်ချုပ်ရဲ့ရှားပါးဓာတ်ပုံတွေ၊ စာပနအခမ်းအနားပုံတွေကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုပြီး Hologram နဲ့ ခင်းကျင်းပြသထားပါတယ်။ စာမျက်နှာ ၆၀၀ ကျော်ရှိတဲ့ ဗိုလ်ချုပ်မိန့်ခွန်းပေါင်းချုပ်၊ လက်ရေးမူ၊ ဗိုလ်ချုပ်ပုံပါတဲ့ ငွေစက္ကူ၊ အကြွေစေ့၊ တံဆိပ်ခေါင်း၊ ဗိုလ်ချုပ်သမိုင်းကြောင်းဆိုင်ရာ မြန်မာ/အင်္ဂလိပ် နှစ်ဘာသာအပြည့်အစုံတို့ကို ၃၂ လက်မ Touch Screen နဲ့ အများပြည်သူ လာရောက်လေ့လာနိုင်အောင် ပြသထားပါတယ်"ဟု ပြောသည်။

"ဗိုလ်ချုပ်ပြတိုက်ကို လာရောက်လေ့လာသူတွေကို သောက်ရေသန့်၊ နှာခေါင်းစည်းတွေ ပေးဝေပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့လည်း မြို့နယ်ကျန်းမာရေးအဖွဲ့၊ မြို့တော်စည်ပင်သာယာ ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့တွေ အပြည့်အစုံရှိပါတယ်။ ပြည်သူ့လုံခြုံရေးအတွက်လည်း ပြည့်ပြည့်စုံစုံနဲ့ လာရောက်ကြည့်ရှုသူတွေ အဆင်ပြေအောင် ပြတိုက်တာဝန်ရှိသူတွေနဲ့ ဌာနဆိုင်ရာတွေ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ထားပါတယ်။ ဒီနေ့က အထူးပြပွဲအနေနဲ့ ပြတာပါ။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ပုံမှန်အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ နေ့စဉ်နံနက် ၉ နာရီခွဲကနေ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပြသပါတယ်။ တနင်္လာနေ့နဲ့ အစိုးရရုံးပိတ်ရက်တွေဆို ပြတိုက်ပိတ်ပါတယ်"ဟု ဒေါ်သီသီသောင်းက ဆက်လက်ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို လာရောက်လေ့လာသူ ဗိုလ်တထောင်မြို့နယ်မှ ဒေါ်သန်းသန်းထွေးက "ဗိုလ်ချုပ်တို့ကို အမြဲတမ်းအမှတ်ရပါတယ်။ ဒီနေ့မှာဆို ပိုပြီးအမှတ်ရတယ်။ ခုလည်း သတိရလို့ မျက်ရည်ကျမိပါတယ်။ ကိုယ့်မိဘလိုပဲ ခံစားရပါတယ်။ တာဝန်ရှိသူတွေက စိတ်ရှည်ရှည်နဲ့ရှင်းပြတဲ့အတွက် ပြည့်ပြည့်စုံစုံ လေ့လာခဲ့ရပါတယ်။ ဗိုလ်ချုပ်ရဲ့ မိသားစုဝင်တွေအကြောင်းကို အပြည့်အစုံလည်း သိခဲ့ရပါတယ်။ ဗိုလ်ချုပ်တို့ကို အမှတ်ရပြီးတော့ ဗိုလ်ချုပ်တို့လို နိုင်ငံနဲ့လူမျိုးအတွက် အားလုံးမျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောသည်။

"ဒီလိုနေ့မျိုးမှာ နိုင်ငံ့ခေါင်းဆောင်တွေ ကျဆုံးသွားတာကို သတိရဝမ်းနည်းမိပါတယ်။ ပြတိုက်ကို လေ့လာရတာ ဗဟုသုတလည်းရပါတယ်။ ဗိုလ်ချုပ်သုံးခဲ့တဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ မိသားစုဝင်အကြောင်းတွေ၊ ဗိုလ်ချုပ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အစုံအလင် ခင်းကျင်းပြသထားတာတွေ့ရပါတယ်။ မရောက်ဖူးသေးတဲ့သူတွေကိုလည်း လာရောက်လေ့လာစေချင်ပါတယ်။ ဗဟုသုတရစေချင်ပါတယ်"ဟု မင်္ဂလာဒုံမြို့နယ်မှ လာရောက်လေ့လာသူ မောင်ပြည့်ဖြိုးက ပြောသည်။

ယနေ့ (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့လာရောက်လေ့လာသူနိုင်ငံခြားသားလေးဦး အပါအဝင် စုစုပေါင်း ၅၃၄ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လျှောက်သောလမ်း ဖြောင့်ဖြူး၍ ပွင့်သောပန်းတိုင်း လန်းစေမည်

## အမောင်(မြန်မာပြည်သား)၊ အေးကျော်(ရှုပဗေဒ)

(ယမန်နေ့မှအဆက်)

နိုင်ငံတောစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံသို့ ရောက်ရှိချိန်မှစ၍ အချိန်အလပ်အကြားမရှိ ဟိုမှသည်ဆီ သည်မှသည်လည်း ဟိုဆီသို့ ကူးချည် သန်းချည်ဖြင့် အလုပ်သဘောကို လုပ်အားဖြင့် သက်သေပြရသည်။

### ရုရှား-မြန်မာ ချစ်ကြည်ရေး

ရုရှားမြေသို့ ရောက်ရှိသည့် နေ့ရက်တွင်ပင် ဝေးကွာလှသည့် ခရီး၊ အချိန်များစွာ စီးနင်းခဲ့ရသည့် လေကြောင်းခရီးစဉ်တို့ကို အလေးမမူနိုင်ဘဲ တွေ့ဆုံဆွေးနွေးမှုကို စတင်သည်။ ဦးစွာ တွေ့ဆုံဆွေးနွေးသည်က ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံသည့်နေရာက ခေတ္တတည်းခိုနေထိုင်သည့် Metropol ဟိုတယ်၏ ညှိနှိုင်းခန်းမဆောင်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဟူသော ဝိသေသအားဖြင့် အဓိပ္ပာယ်ပြည့်ဝလှသည့် ကိုယ်စားလှယ်အဖွဲ့တို့နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေးမှုမှာ လေးနက်လှသည်။ နွေးထွေးလှသည်။ အပြန်အလှန်သော ဆွေးနွေးမှုများတွင် နှစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စ၊ နိုင်ငံအလိုက် ယုံကြည်ကိုးကွယ်ဆည်းကပ်သည့် ဘာသာများအလိုက် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်မည့်အခြေအနေ၊ ထိုမှသည် ကမ္ဘာလှည့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား အထောက်အကူပြုနိုင်မည့် အခြေအနေများပါသည်။ နိုင်ငံတည်ဆောက်ရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည့် ပညာရေးကဏ္ဍလည်းပါသည်။

ပညာရေးအရ ပူးပေါင်းဆောင်ရွက်ရေးတွင် စစ်ဘက်ပညာသင်များသာမက အရပ်ဘက်ပညာသင်များကိုပါ စေလွှတ်ဆောင်ရွက်ရန် ဆွေးနွေးသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအားဖြင့် တည်ဆောက်နိုင်မည့် အခြေအနေမို့ ဝမ်းမြောက်ဖွယ်သတင်းစကားဆိုလျှင် မှားမည်မထင်ပေ။ အခြားသော အရပ်ဘက်ပူးပေါင်းဆောင်ရွက်ရေးအတွက် ကဏ္ဍများအလိုက် မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်း ဆွေးနွေးကြသေးရာ နယ်ပယ်အားဖြင့် မနည်းလှသည်ကို သတိပြုမိသည်။ ခင်မင်ရင်းနှီးမှု၊ ပွင့်လင်းဖော်ရွေသော ပြောဆိုဆက်ဆံမှုများတွင် နှစ်နိုင်ငံကိုယ်စားလှယ်များ၏ အပြုံးများက လှပလွန်းလှသည်။ နှစ်နိုင်ငံအကြီးအကဲများ၏ ယခုကဲ့သို့ တိုင်းကျိုးပြည်ပြု ဆွေးနွေးမှုများသည် စာရေးသူတို့၏နိုင်ငံအတွက် ခေတ်မီတိုးတက်လာမည့်၊ အခွင့်အလမ်းပွင့်လန်းလာမည့်၊ မိတ်ကောင်းဆွေဖော် တိုးပွားလာမည့် အခြေအနေကောင်းများအတွက် ကြိုတင်အုတ်မြစ်ချသည့် အလားအလာကောင်းများ ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာကြိုဆိုမိသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ အမိမြန်မာနိုင်ငံတော်၏ အနာဂတ်အတွက် ရည်မျှော်သည့် ဒုတိယအကြိမ် ဆွေးနွေးမှုသည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးသည့်နေရာ မပြောင်းသကဲ့သို့ နိုင်ငံတော်၏ အကျိုးစီးပွား တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုအတွက် ရှေ့ရှုသည့် ဆွေးနွေးမှုမှာလည်း မပြောင်းလဲ။ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကို အခြေတည်သည့်ခေတ်မီနိုင်ငံတစ်ခုအဖို့ ဆွေးနွေးမှုများက ရလဒ်ကောင်းတွေ ထွက်လာတာ သတိပြုမိသည်။ ဆွေးနွေးခဲ့သည့် အချက်များကား စိုက်ပျိုးရေးကို အခြေခံသည့် ထုတ်ကုန်များတင်ပို့ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေးအတွက် လိုအပ်သည့် နည်းပညာလိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်ရေးတို့ပါသည်။

နှစ်နိုင်ငံကြား ပို့ကုန်သွင်းကုန်ကဏ္ဍများတွင် လက်ရှိဆောင်ရွက်နေမှုများမှ ပိုမို အဆင့်မြှင့်တင်နိုင်ရေးကိုလည်း အကျယ်တဝင့် ဆွေးနွေးခဲ့ကြရုံသာမက မြန်မာနိုင်ငံအတွက် လိုအပ်ချက်ဖြစ်နေဆဲဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြသေးသည်။ ကိုယ်စားလှယ်အဖွဲ့၏ မြန်မာနိုင်ငံအကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုများမှာ မြန်မာအတွက် **“အား”**ပါ သည်။ မြန်မာအတွက် **“ခါး”**စေမည့်အရာ တစ်ခွန်း တစ်စလေးသော်မျှ မပါ။ ဤတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာတိုင်းရင်းသားများ၏ ဆီသုံးစွဲမှု များပြားခြင်းအပေါ် စိုးရိမ်စိတ်ဖြင့် ဆီသုံးစွဲမှုလျှော့ချရေး တိုက်တွန်းချက်ကို သတိပြုမိသကဲ့သို့ တိုင်းရင်းသားပြည်သူများ တောင်သူလယ်သမားများ၏ ဆီထွက်သီးနှံစိုက်ပျိုးမှုကို ပိုမိုတိုးတက်ပြီး ပြည်ပပို့ကုန်အဆင့်ဖြစ်စေရန် ကြိုးစားဆောင်ရွက်နေမှုများတွင် စေတနာ၏ ပြယုဂ်ကို မြင်တွေ့နိုင်သည်။

ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်မှန်တို့၏ စိတ်သဘောထားကြီးမြတ်မှုကို ကွက်ကွင်းစွာ သိမြင်ခွင့်ရသည်ဆိုလျှင်လည်း မှားမည်မထင်ပေ။ အမိမြန်မာနိုင်ငံ၏ စားသောက်မှုပုံစံအရ ကြော်၊ လှော်၊ ချက်၊ ပြုတ်စားသောက်ခြင်းကို ပြုကျင့်ကြသည့်အတွက် စားသုံးဆီသည်လည်း မရှိမဖြစ်လိုအပ်သော စိုက်ပျိုးရေးထုတ်ကုန်တစ်မျိုး ဖြစ်ပေသည်။ စိုက်ပျိုးရေးကို နည်းပညာနှင့်ပေါင်းစပ်အားဖြည့်စိုက်ပျိုးခြင်းဖြင့် ကုန်ကြမ်းသာမက ကုန်ချောကိုပါ အဆင့်အတန်းမြင့်မားစွာ၊ အခြားနိုင်ငံများနည်းတူ နည်းပညာမြင့်မားစွာ ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ စာရေးသူတို့ နိုင်ငံအတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားကဏ္ဍအပြင် ပို့ကုန်/သွင်းကုန်ကဏ္ဍများကိုပါ မူလထက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးနေကြသည်မှာ မြန်မာနိုင်ငံ၏စီးပွားရေး ယခုလက်ရှိထက် ပိုမိုဦးမော့လာတော့မည့်အနေအထားများဖြစ်ကြောင်း ကြိုတင်တွေးမြင်နေမိပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ Metropol ဟိုတယ်ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ Metropol ဟိုတယ်ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ တွေ့ဆုံဆွေးနွေးမှုများတွင် အမိမြန်မာနိုင်ငံတော်အတွက် ခြေတစ်လှမ်းမကသော လှုပ်ရှားကြိုးပမ်းမှုများကိုလည်း တွေ့မြင်နိုင်သေးသည်။ နျူကလီးယားစွမ်းအင်ဆိုသည်မှာ သုံးတတ်လျှင်ဆေးဖြစ်၍ မလိုသူတို့က အသုံးချလျှင် ဘေးဖြစ်နိုင်သည်။

### ပြည်သူလူထုအကျိုးရှိစေနိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာအတွက် နျူကလီးယားကိုဆေးအဖြစ် အသုံးချနိုင်မည့် အခြေအနေများကို စူးစမ်းခဲ့သည်။ လေ့လာခဲ့သည်။ ယခု အလုပ်သဘောခရီးစဉ်တွင် အသေးစိတ်ဆွေးနွေးသည်။ တွေ့ဆုံဆွေးနွေးခဲ့သည့်အဖွဲ့က ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations ဖြစ်ပြီး အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးခြင်းဖြစ်သည်။ နျူကလီးယားစွမ်းအင် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် နှစ်နိုင်ငံ ပြည်သူလူထုအကျိုးရှိစေနိုင်မည့်

စာမျက်နှာ ၉ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Rosatom State Corporations အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

❖ စာမျက်နှာ ၈ မှ

ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့်သုတေသနစမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများတွင် အသုံးပြုဆောင်ရွက်နိုင်မည့်အခြေအနေများကို အကျယ်တဝင့်ဆွေးနွေးကြသည်။ နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးမှုများတွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသိပ္ပံပညာရှင်များ၏ စိတ်ပါဝင်စားနေမှု၊ ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်သည့် ဆွေးနွေးမှုများတွင် အားရကျေနပ်မှု၊ မြန်မာအတွက် ကောင်းသတင်းများ ယူဆောင်ပေးနိုင်တော့မည်ဟူသော ယုံကြည်ချက်တို့မှာ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာသိပ္ပံပညာရှင်များ၏ မျက်နှာထက်တွင် အထင်းသားပေါ်လွင်နေသည်။ ကိုယ်စားလှယ်အဖွဲ့များ၏ အပြန်အလှန် နားလည်မှု၊ ဆွေးနွေးမှု၊ ညှိနှိုင်းတိုင်ပင်မှုတို့အပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အမိမြန်မာနိုင်ငံအတွက် နျူကလီးယားကို အေးချမ်းစွာ အသုံးပြုခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်းတို့အပြင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းကိုလည်း ဆွေးနွေးနိုင်ခဲ့ကြသည်မှာ အားရကျေနပ်ဖွယ် ကောင်းလှပါတော့သည်။

### ရှေ့ကိုဆက်လက်လျှောက်လှမ်း

မျက်မှောက်ခေတ်သည် သိပ္ပံနှင့်နည်းပညာကို အခြေပြုတည်ဆောက်နေသည့် ခေတ်ဖြစ်သည်။ ကျယ်ပြောလှသည့် သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် တိုးတက်ထွန်းကားလျက်ရှိပေသည်။ မျက်ခြည်မျှင်မျှပြတ်လျှင်ပင် လိုက်မမီလောက်သည်အထိ တိုးတက်နေသည့်ကာလတွင် မိမိတို့နိုင်ငံသည်လည်း နောက်တွင် ကျန်နေခဲ့ခြင်းမှာ မဖြစ်စကောင်း။ လူမျိုးတိုင်း၊ နိုင်ငံတိုင်းအနေဖြင့် Moving Forward ဆိုသည့်အတိုင်း အတိတ်ကို ပြန်လှည့်ကြည့်နေခြင်း၊ ရပ်နေခြင်းမရှိဘဲ ရှေ့ကို ဆက်လက် လျှောက်လှမ်းနေကြခြင်းဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့်လည်း ကျန်နေခြင်းမှာ မဖြစ်သင့်။ Moving Forward ဟူသည့်အတိုင်း အမြဲရှေ့သို့ လျှောက်လှမ်းနေရမည် ဖြစ်ပါသည်။ မိမိတို့ ဦးဆောင်နေသည့်ကာလတွင် နိုင်ငံတော်အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို တိုးတက်စေလိုသည့်စိတ်၊ ထွန်းကားစေလိုသော ဆန္ဒကို အကြီးအကဲအနေဖြင့် သတိပြုမိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် State Space Corporation “Roscosmos”မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ထို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တစ်လှမ်းမကသော ခြေလှမ်းအတွက် State Space Corporation “Roscosmos”မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံကာ အနာဂတ် မြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည့် သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုလည်း ဆွေးနွေးနိုင်ခဲ့သည်။

### အဓိကကျသောအခန်းကဏ္ဍတွင်ပါဝင်

စိပ်စိပ်သောခြေလှမ်း၊ သွက်လက်သောလှုပ်ရှားမှုတို့သည် ရုရှားနိုင်ငံရောက် ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားတွေ့ဆုံဆွေးနွေးမှုများက သက်သေပြုနေသည်။ နိုင်ငံတော်အား တိုးတက်မှု၊ ဖွံ့ဖြိုးမှု၊ သာယာမှုများအပါအဝင် ပညာရေး၊ စီးပွားရေး နယ်ပယ်များအလိုက် ဆွေးနွေးတွေ့ဆုံမှုများ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုများနှင့် ပြီးပြည့်စုံသည်လို့တော့ မယူဆနိုင်သေး။ ထိုထိုသော အကြောင်းခြင်းရာများ ပြီးပြည့်စုံစေရေး အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့အတွက် ကာကွယ်ရေးစွမ်းအားသည်လည်း အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ထို့အတွက် ကာကွယ်ရေးကဏ္ဍအတွက် တွေ့ဆုံဆွေးနွေးမှုများလည်း ဆောင်ရွက်ရဦးမည်ကို အကြီးအကဲက ကောင်းစွာနားလည်သည်။

ထိုကာကွယ်ရေးကဏ္ဍအတွက် လိုအပ်နေသော ကွက်လပ်ကို ဖြည့်ဆည်းနိုင်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးရန် စီစဉ်ပြီးဖြစ်သော်လည်း ဝန်ကြီး၏ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကြောင့် ယင်းကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ အလုပ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးစဉ် နှစ်ဖက်ခေါင်းဆောင်များ၏ ကျယ်ပြန့်သောအမြင်ဖြင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရှိခဲ့ရပါသည်။

### မြန်မာ့တပ်မတော်မှပါဝင်ယှဉ်ပြိုင်နိုင်ရေး

ထို့ပြင် မကြာမီကာလတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ယူဆောင်ရွက်မည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ဤအပိုင်းတွင် ယခင်နှစ်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် ကိုယ်စားပြု အသင်းအဖွဲ့အသီးသီးကိုလည်း ဖော်ပြလိုတာရှိသည်။ ကိုယ်ခန္ဓာအချိုးအစား ဖွဲ့စည်းပုံအရ ပါဝင်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲတိုင်းတွင် အခက်အခဲတော့ ရှိခဲ့ကြသည်ချည်းဖြစ်သည်။ အရိုးရှင်းဆုံးဆိုရလျှင် မနိုင်ဝန်ထမ်းရသည့် အခြေအနေဟုပင် ဆိုနိုင်လောက်သည့် အခြေအနေဖြစ်သည်။ သို့သော် မြန်မာ့တပ်မတော် ကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် အရာရှိ၊ စစ်သည်များ၏ မလျှော့သော ဇွဲ၊ လုံ့လ ၊ ဝီရိယတို့ကြောင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံများနှင့် တာဝန်ယူကျင်းပခဲ့သည့် ရုရှားနိုင်ငံတို့က အလေးအနက်ထားချီးကျူးစကားဆိုခဲ့ရသည်ကို တွေ့ခဲ့ရသည်။

ယခု ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ၏ အသီးအပွင့်များသည် အချိုပေါ် သကာလောင်းသည့်နှယ် ရှိမည်ကိုလည်း အငြင်းစကားထွက်မည်မထင်ပါ။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့်အတိုင်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးအတွက် အကူအညီကောင်း၊ အထောက်အပံ့ကောင်းဖြစ်စေမည့် ဆွေးနွေးတွေ့ဆုံမှု ဖြစ်သည့်အတွက် ဝမ်းသာအားရနှင့်ကို ကြိုဆိုမိပါသည်။

(ဆက်လက်ဖော်ပြပါမည်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ရုပ်ရှင်၊ သဘင်လောကသားများနည်းတူ ဂီတလောကသားများအနေဖြင့်လည်း စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွဖြင့် ကျရာကဏ္ဍမှ ပါဝင်တင်ဆက်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်၊ သဘင်၊ ဂီတတို့ ပူးပေါင်းတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင် သုံးပွင့်တစ်ခိုင်” ပဒေသာကပွဲဖျော်ဖြေရေးအစီအစဉ်တွင် ဂီတကဏ္ဍမှ ပါဝင်တင်ဆက်နိုင်ရန် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

**ရန်ကုန် ဇူလိုင် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ရုပ်ရှင်၊ သဘင်၊ ဂီတတို့ ပူးပေါင်းတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင် သုံးပွင့်တစ်ခိုင်” ပဒေသာကပွဲ ဖျော်ဖြေရေးအစီအစဉ်တွင် ဂီတကဏ္ဍမှ ပါဝင်တင်ဆက်နိုင်ရန် တွေ့ဆုံဆွေးနွေးသည်။

**ထူးထူးကဲကဲဖြင့်စီစဉ်တင်ဆက်**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့်စက်တင်ဘာလတွင် ရုပ်သံလိုင်းအားလုံးမှ တစ်ပြိုင်တည်း ဖျော်ဖြေတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင် သုံးပွင့်တစ်ခိုင်” အစီအစဉ်အား ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုနိုင်ရန်နှင့် အပန်းပြေစေရန်အတွက် ပုံမှန်တင်ဆက်ခြင်းမျိုးမဖြစ်စေဘဲ ထူးထူးကဲကဲဖြင့် စီစဉ်တင်ဆက်နိုင်ရန်လိုကြောင်း၊ ယင်းအစီအစဉ်တွင် ရုပ်ရှင်၊ သဘင်လောကသားများနည်းတူ ဂီတလောကသားများအနေဖြင့်လည်း စည်းစည်းလုံးလုံး၊ တက်တက်ကြွကြွဖြင့် ကျရာကဏ္ဍမှ ပါဝင်တင်ဆက်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် မြန်မာမှု ခေတ်ပေါ်၊ စတီရီယို စသည်ဖြင့် တေးသီချင်းများစုံလင်စွာ ပါဝင်တင်ဆက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂီတဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများက အဆိုပါ အစီအစဉ် အောင်မြင်စွာကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ရုပ်ရှင်၊ သဘင်၊ ဂီတတို့ ပူးပေါင်းတင်ဆက်မည့် “မြိုင်မြိုင်ဆိုင်ဆိုင် သုံးပွင့်တစ်ခိုင်” ပဒေသာကပွဲကြီးကို ပြည်သူများ အနုပညာရသများ ပြန်လည်ခံစားနိုင်စေရန်နှင့် အနုပညာလောကသားများအား စားဝတ်နေရေး ထောက်ပံ့နိုင်ရန်အတွက် လာမည့်စက်တင်ဘာလတွင် ရုပ်သံလိုင်းများအားလုံးမှ တစ်ပြိုင်တည်း ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေဘာဂီအထူးကုဆေးရုံကြီး၏ သုံးထပ်ဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် Asia World ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းထားသည့် ခုတင်-၁၂၀ ဆံ့ သုံးထပ်လူနာဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု၍ လူနာဆောင် အသုံးပြုနိုင်ရေးနှင့် ကူးစက်မြန်ရောဂါလူနာများ ထားရှိနိုင်ရေးတို့အတွက် မှာကြားသည်။

**မှာကြား**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါ သုံးထပ်လူနာဆောင်သစ်ရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ Asia World ကုမ္ပဏီမှ အဆောက်အအုံဆောက်လုပ်မှုအပိုင်း၊ လူနာခန်းများပြင်ဆင်ထားရှိမှုအခြေအနေ၊ အဆောက်အအုံ၏ ရေ၊ မီး၊ လျှပ်စစ်နှင့် မီးသတ်စနစ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေး၍ ယခု သုံးထပ်လူနာဆောင်သစ်တွင် လူနာများထားရှိနိုင်ရေးအတွက် အဆောက်အအုံပြင်ဆင်ထားရှိမှုအပိုင်း ပြည့်စုံစွာဆောင်ရွက်ထားပြီး ဆိုလာဖြင့် မီးပေးစနစ်၊ Wifi စနစ် စသည်ဖြင့် ပြည့်စုံစွာဆောင်ရွက်ထားသည်ကို တွေ့ရှိရကြောင်း၊ ဝေဘာဂီအထူးကုဆေးရုံကြီးကို National Center for Infectious Diseases အဖြစ် တည်ထောင်နိုင်ရေး မျှော်မှန်းထားရှိရာ ရေရှည်တွင် ကူးစက်မြန်ရောဂါလူနာများ အဓိကတက်ရောက်နိုင်သည့် နိုင်ငံတကာအဆင့်မီဆေးရုံအဖြစ် စံနမူနာပြ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများနှင့် ဝန်ထမ်းများကို တစ်ဆင့်ချင်း ဖြည့်ဆည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများနေထိုင်ရေး အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ရေရှည်ကောင်းမွန်အောင် အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းကို ပုံမှန်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Negative Pressure ဖြင့် လူနာများထားရှိနိုင်မည့် သီးသန့်ခန်း(Isolation room) များ၊ အထူးခန်းများ၊ အထူးကြပ်မတ်ကုသဌာနများ(Intensive Care Unit and High Dependency Unit)များ၊ အဆောက်အအုံတွင် တပ်ဆင်ထားသည့် Wifi စနစ်၊ လူနာများအတွက် ရုပ်မြင်သံကြားလိုင်းများ ကြည့်ရှုနိုင်မည့်စနစ်၊ လူနာခန်းများနှင့် ဆရာဝန်ခန်းများ ဆက်သွယ်နိုင်ရန်အတွက် အင်တာကွန်းစနစ် တပ်ဆင်နေမှုအခြေအနေ၊ ဆိုလာဖြင့် မီးပေးစနစ်နှင့် Transformer တို့ကို ကြည့်ရှု၍ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ အောက်ဆီဂျင်စက်ရုံနှင့် ရေသန့်စင်စက်၊ လူနာများစိတ်ချမ်းသာစွာ အနားယူနိုင်ရေးအတွက် မြေယာရှုခင်း (land-scaping) ပြုပြင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

**နိုင်ငံတကာအဆင့်မီဆေးရုံကြီးဖြစ်**

ယခုဆောက်လုပ်လျက်ရှိသည့် ဝေဘာဂီအထူးကုဆေးရုံကြီး၏ သုံးထပ်ဆောင်သစ်သည် လျှပ်စစ်မီးသုံးစွဲမှု သက်သာစေရန် ဆိုလာဖြင့်မီးပေးစနစ်ထည့်သွင်းတည်ဆောက်ထားသည့် နိုင်ငံတကာအဆင့်မီဆေးရုံကြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်၌ တောင်သူများအား ကောက်စိုက်စက်ဖြင့် ဆေးဖျန်းခြင်းနှင့် ကြားပေါင်းလိုက်စက်ဖြင့် ပေါင်းလိုက်တမန်းနှိုးခြင်းများ လက်တွေ့သရုပ်ပြ အသိပညာပေး

**ထန်းတပင် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကြားပေါင်းလိုက်စက်( Power Weeder )ဖြင့် ပေါင်းလိုက်တမန်းနှိုးခြင်းနှင့် (Transplanter Boom Sprayer) ကောက်စိုက်စက်ဖြင့် ပေါင်းသတ်ဆေးဖျန်းခြင်းတို့ကို ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြသ အသိပညာပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာရှိ တောင်သူ ဒေါ်ကြည်သန်း၏ လယ်မြေ ၂၁ဒသမ ၄၇ ဧကတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဒေသခံတောင်သူများအား စပါးစိုက်ပျိုးရာတွင် စက်စွမ်းအားအသုံးပြုကာ စပါးအထွက်နှုန်းများ တိုးတက်လာစေရန်နှင့် စက်ကိရိယာပစ္စည်းများ အသုံးပြုရာတွင် အဆင်ပြေလွယ်ကူလာစေရန်အတွက် လက်တွေ့သရုပ်ပြသခြင်းဖြစ်ပြီး ကြားပေါင်းလိုက်စက် ( Power Weeder) ကို လက်တွေ့မောင်းနှင်ပြသရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် ဝန်ထမ်းများက လက်တွေ့ မောင်းနှင်ပြသပေးကြသည်။ ထို့နောက် အမှတ်(၁)လယ်ယာသုံးစက်ကိရိယာ သုတေသနအလုပ်ရုံမှ စက်ရုံမှူး ဦးဝင်းကျော်ဦးနှင့် ဝန်ထမ်းများက အမှတ်(၁) လယ်ယာသုံးစက်ကိရိယာသုတေသနအလုပ်ရုံမှ စမ်းသပ်သုတေသနပြုလုပ်ထားသော (Transplanter Boom Sprayer) ကောက်စိုက်စက်ဖြင့် ပေါင်းသတ်ဆေးဖျန်းခြင်းတို့ကို ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြကာ အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးလက်တွေ့ သရုပ်ပြသပွဲသို့ စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်မောင်ကြည်၊ ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်နှင့် မြို့နယ်ဦးစီးမှူးများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပို လာနိုင်သည်။ **မိုး/ဇလ**

# (၇၅)နှစ်မြောက်အာဇာနည်နေ့ ဗိုလ်ချုပ်ကြေးရုပ်သို့ ပြည်သူများ လာရောက်ဂါရဝပြု





**ရန်ကုန် ဇူလိုင် ၁၉**

ယနေ့ကျရောက်သည့် (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်း ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်သို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား လွမ်းဆွတ်တသမှုဖြင့် အများပြည်သူနှင့် လူမှုရေးအသင်းအဖွဲ့များ လာရောက်ဂါရဝပြုကြသည်။

နံနက် ၁၀ နာရီကျော်တွင် မိုးရိပ်တို့သန်းနေသော ရန်ကုန်မြို့မှာ နေရောင်ခြည်ဖြာဆင်းလာမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဝင်းရှိ အရိပ်ရသစ်ပင်များနှင့် မြက်ခင်းတို့မှာ နေခြည်ထိတွေ့မှုဖြင့် စိမ်းလဲ့တောက်ပလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်သို့ ပြည်သူများ တစ်ဖွဲ့ပြီးတစ်ဖွဲ့လာရောက်ဂါရဝပြုလျက်ရှိရာ အသက် ၈၉ နှစ်ရှိ တပ်မတော်အငြိမ်းစား အဘစိုးညွန့်က " ဗိုလ်ချုပ် ကျဆုံးချိန်မှာ အဘက အသက် ၁၄ နှစ်ကျော်ပြီ။ ဒါနဲ့တပ်ထဲဝင်ခဲ့တယ်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များကို အာဇာနည်နေ့တိုင်း အဘလာပြီး ဂါရဝပြုတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ဖခင်လို့ အဘခံယူထားတယ်။ အခုလိုနှစ်စဉ် အာဇာနည်နေ့မှာ အာဇာနည်ခေါင်းဆောင်များကို ဂါရဝပြုရတာကို ဂုဏ်လည်းယူတယ်" ဟု ပြောကြားသည်။

နံနက်၁၀ နာရီ၃၇ မိနစ်တွင် ကျဆုံးလေပြီးသော အာဇာနည်ကိုးဦးအား လွမ်းဆွတ်တသအမှတ်ရမှုဖြင့် သွားလာနေကြသော ယာဉ်နှင့် ပြည်သူများရပ်တန့်ကြပြီး ဥဩဆွဲ၍ ပြည်သူများက ဦးညွှတ်အလေးပြုကြကာ နိုင်ငံတစ်ဝန်း၌ အလံများကို တိုင်တစ်ဝက် လွှင့်ထူခဲ့ကြသည်။

ယနေ့ (၇၅)နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူတို့သည် ရွှေတိဂုံစေတီတော်မြတ် အရှေ့ဘက်မုခ်မှ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ကျန်းမာရေးစစ်ဆေးမှုခံယူ၍ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော ဗိုလ်ချုပ်နေအိမ်ကို ကြည့်ရှုလေ့လာပြီး နတ်မောက်လမ်း ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များကို ရည်မှန်းလျက် အလေးအမြတ် ဦးညွှတ်ဂါရဝပြုခဲ့ကြသည်။

ရန်ကုန်မြို့ ကန်တော်ကြီးမြောက်ဘက် နတ်မောက်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံအား တစ်ချိန်က အိန္ဒိယဘုရင်ခံချုပ် လော့ဒါလဟိုဇီကို ဂုဏ်ပြု၍ ဒါလဟိုဇီပန်းခြံဟု ခေါ်တွင်ခဲ့သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံဟု ပြောင်းလဲခေါ်ဆိုခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုထားရှိရန် ရှမ်းပြည်နယ်တောင်ကြီးမြို့မှ ပန်းချီ၊ ပန်းပုပညာရှင် ဦးစံဖေထုဆစ်သော ပုံစံငယ်ရုပ်တုကို ၁၉၅၅ ခုနှစ်တွင် လန်ဒန်မြို့ အနုပညာသိပ္ပံကျောင်းမှ ကျောင်းအုပ်ဖြစ်သူ အင်္ဂလန်နိုင်ငံသား ကြေးသွန်းပညာရှင် မစ္စတာ ကော့ပနယ်(Bainbridge Copnell)က ဗိုလ်ချုပ်ကြေးရုပ်ကို သွန်းလောင်းခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသည် အမြင့် ရှစ်ပေလေးလက်မရှိပြီး ရုပ်တုအောက်ကမ္ပည်းစာသားကို ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဝန်ကြီးချုပ်ဦးနု၊ ဦးသန့်နှင့် ဗိုလ်မှူးကြီးဘရှင်တို့က စိစစ်ရွေးချယ်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြေးရုပ်တုအောက်ခံခုံ အရှေ့ဘက်တွင် "ပြည်ထောင်စု၏ရှေ့ဆောင်လမ်းပြကြီး ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ ၁၂၇၆ ခု တပေါင်းလဆန်း ၁ ရက်၊ ကျဆုံးနေ့ ၁၃၀၉ ခု ဝါခေါင်လဆန်း ၂ရက်"ဟု ရေးထိုးထားပြီး အောက်ခံခုံအနောက်ဘက်၌ " တတိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တမျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကောင်းသိနိုင်တယ်"ဟု ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းကို ရေးထိုးထားသည်။

အဆိုပါ ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် ဗိုလ်ချုပ်အနှစ် ၄၀ ပြည့်မွေးနေ့တွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ယခင် ပန်းခြံဧရိယာ (၁၄၀ x ၇၀) ပေ သုည ဒသမ ၂ ဧက ရှိရာမှ (၄၃၀ x ၁၃၁) ပေ ၁ ဒသမ ၃ ဧကအထိ တိုးချဲ့ဆောင်ရွက်ခဲ့သည်။

**သတင်း-ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**

## မြဝတီမြို့၌ စာဖတ်ရိုန်မြှင့်တင်ရေးပြိုင်ပွဲများနှင့် ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်

**မြဝတီ ဇူလိုင် ၁၉**

ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ ဦးဆောင်မှုဖြင့် မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပြိုင်ပွဲ အစီအစဉ်များနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့က မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**စာအုပ်သုံးသပ်ချက်များ ဖြေကြား**

ရှေးဦးစွာ ဒဂုန်တာရာ၏ရုပ်ပုံလွှာ စာအုပ်နှင့် ၂၄ နာရီဘဝအောင်မြင်ရေး စာအုပ်တို့အား ကြိုတင်ဖတ်ရှုထားပြီးဖြစ်သည့် ကျောင်းသား ကျောင်းသူများက စာအုပ်သုံးသပ်ချက်များကို ဖြေကြားစေခြင်းနှင့် ဉာဏ်စမ်းမေးခွန်းပြိုင်ခြင်းတို့ကို ဆောင်ရွက်သည်။



ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသောင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ၂၄ နာရီ ဘဝအောင်မြင်ရေးစာအုပ်ဖြင့် ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးသည်။

ဆက်လက်ပြီး ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ အတွင်းရေးမှူး ဦးစောတင်မောင်စိန်၊ အလှူရှင်များဖြစ်သည့် မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေနှင့် ဒုတိယဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပေးပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပေးသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ခန္တီးမြို့နယ်တွင် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကာကွယ်ရန် ရည်ရွယ်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခန္တီးမြို့နယ်အတွင်း မွေးမြူရေးတိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာရဲဝင်းဦးဆောင်၍ ဝန်ထမ်းများနှင့်ဖွဲ့စည်းထားရှိပြီး ကျွဲ၊ နွား၊ ဝက်များတွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိက ဝက်အပြင်းဖျားရောဂါ၊ လည်ချောင်းကွဲရောဂါ အစရှိသည့်ကူးစက်ရောဂါလက္ခဏာများကို စူးစမ်းထောက်လှမ်းခြင်း၊ မျက်မြင်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအဖြစ် စိန်နန်းကျေးရွာ၊ ကင်းတော်ကျေးရွာ၊ သာစည်၊ အောင်သာကျေးရွာ၊ ကတိုးကြီးကျေးရွာ၊ သာယာကုန်းကျေးရွာများရှိ ကျွဲ၊ နွား ၆၆၈ ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးကို ကွင်းဆင်းထိုးနှံပေးခဲ့ကြသည်။

ထို့နောက် အသိပညာပေးလုပ်ငန်းအဖြစ် ကွင်းဆင်းခဲ့သည့်ကျေးရွာများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျွဲ၊ နွားများတွင်အဖြစ်များသည့် အရေပြားအကျိတ်နာ ဖြစ်ပွားပုံအဆင့်ဆင့်ကို အများပြည်သူကြည့်ရှုနိုင်ရန် ခန္တီး၊ ဆင်သေ၊ လဟယ် ကားလမ်းဆုံရှိ ဗိုလ်ချုပ်ကြေးရုပ်အနီးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ပညာပေးပိုစတာကို စိုက်ထူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# အင်ဒိုနီးရှားသမ္မတနှင့် တီမောလက်စတေသမ္မတတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်သဘောတူ



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တီမောလက်စတေသမ္မတ ဂျို့စ်ရာမို့စ်-ဟော်တာတို့ ဇူလိုင် ၁၉ ရက်တွင် အနောက်ဂျာဗားပြည်နယ်ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံစဉ်။

ဂျကာတာ ဇူလိုင် ၁၉

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တီမောလက်စတေသမ္မတ ဂျို့စ်ရာမို့စ်-ဟော်တာတို့သည် ဇူလိုင် ၁၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ သမ္မတအိမ်တော်၌ တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

မိမိတို့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်အသီးသီးကို ပွင့်လင်းမြင်သာစွာဆွေးနွေးခဲ့ကြကြောင်းနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကတိကဝတ်သည် မိမိတို့၏ အဓိကဦးစားပေးကိစ္စဖြစ်ကြောင်း တီမောလက်စတေသမ္မတ ဂျို့စ်ရာမို့စ်-ဟော်တာနှင့် တွေ့ဆုံပွဲအပြီး ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနှင့် တီမောလက်စတေ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ တိုးမြှင့်မှုသည် အပြုသဘောဆောင်သည့် လမ်းကြောင်းသစ်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ ကူပန်မြို့နှင့် တီမောလက်စတေနိုင်ငံ၏မြို့တော် ဒီလီတို့အကြား ဘတ်စ်ကားလမ်းကြောင်းနှင့် ကူပန်-ဒီလီ-ဒါဝန် အကြား သင်္ဘောလမ်းကြောင်းတို့ကိုလည်း မကြာမီကာလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# တောင်ကိုရီးယားနိုင်ငံက ပြည်တွင်းဖြစ် တိုက်လေယာဉ်အား ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းမှု အောင်မြင်စွာပြုလုပ်နိုင်ခဲ့

ဆိုးလ် ဇူလိုင် ၁၉

တောင်ကိုရီးယားနိုင်ငံသည် ပြည်တွင်းဖြစ် တိုက်ခိုက်ရေးဂျက်လေယာဉ်အား ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းမှုကို ဇူလိုင် ၁၉ ရက်တွင် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ လက်နက်ဝယ်ယူရေးအေဂျင်စီက ပြောကြားသည်။

အဆိုပါ KF-21 တိုက်ခိုက်ရေး ဂျက်လေယာဉ်ကို မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်က မြို့တော်ဆိုးလ်၏ တောင်ဘက် ကီလိုမီတာ ၃၀၀ ခန့် အကွာအဝေးရှိ ဆာချီယွန်လေတပ်၏ တတိယမြောက် လေ့ကျင့်ရေးအစီအစဉ်တွင် စမ်းသပ်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါလေယာဉ်သည် ၃၃ မိနစ်ကြာ အောင်မြင်စွာ စမ်းသပ်ပျံသန်းခဲ့ပြီးနောက် ညနေ ၄ နာရီ ၁၃ မိနစ်တွင် မြေပြင်သို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံထုတ် အဆိုပါတိုက်ခိုက်ရေးဂျက်လေယာဉ်များအား တောင်ကိုရီးယားလေတပ်တွင် သက်တမ်းကြာမြင့်နေပြီဖြစ်သည့် F-4 နှင့် F-5 စစ်ဘက်သုံးလေယာဉ်များနေရာတွင် အစားထိုးသွားမည်ဟုလည်း သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# တရုတ်နိုင်ငံ၌ 5G အခြေစိုက်စခန်းပေါင်း ၁ ဒသမ ၈၅ သန်းကျော် အသုံးပြုလျက်ရှိ

ပေကျင်း ဇူလိုင် ၁၉

တရုတ်နိုင်ငံတစ်ဝန်းတွင် 5G အခြေစိုက်စခန်းပေါင်း၁ဒသမ၈၅သန်းကျော်အသုံးပြုလျက်ရှိကြောင်းနှင့် ယင်းသို့အသုံးပြုနိုင်ခြင်းသည် တရုတ်နိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး တွန်းအားကိုများစွာ အထောက်အကူပြုကြောင်း တရုတ်နိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ် ဒုတိယသုံးလပတ်ကာလအတွင်း တရုတ်နိုင်ငံအနေဖြင့် 5G အခြေစိုက်စခန်းပေါင်း ၃၀၀၀၀၀ နီးပါးကို အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူ ဝန်ပန်က ဇူလိုင် ၁၉ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

သတင်းအချက်အလက် အခြေခံအဆောက်အအုံများသည် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များဖြစ်ကြောင်းနှင့် ယခုနှစ်ပထမခြောက်လတာကာလအတွင်း တရုတ်နိုင်ငံ၌ အွန်လိုင်းဈေးရောင်းဈေးဝယ်၊ အွန်လိုင်းပညာရေးကဲ့သို့သော ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများသည် တိုးတက်မှုအရှိန်အဟုန်ကောင်းနေသည်ကို မြင်တွေ့ခဲ့ရကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း 5G အခြေစိုက်စခန်းပေါင်း ၆၀၀၀၀၀ ထပ်မံအကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ပန်က ဆက်လက်ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# အမေရိကန်နိုင်ငံ၌ ယခုနှစ်အတွင်း ကလေးခြောက်သန်းကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၉

အမေရိကန်နိုင်ငံ၌ သီတင်းလေးပတ်အတွင်း ကလေးငယ် ၂၈၇၀၀၀၀ ခန့် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရကြောင်း တွေ့ရှိခဲ့ရပြီး ယခုနှစ်အတွင်း ကလေးငယ် ခြောက်သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အမေရိကန် ကလေးအထူးကုအကယ်ဒမီနှင့် ကလေးဆေးရုံများအသင်းက ပြောကြားသည်။

ပြီးခဲ့သည့်တစ်နှစ်အတွင်း ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအရေအတွက် မြင့်မားလာသောကြောင့် ကလေးငယ်များတွင် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပါက ရောဂါ မည်မျှပြင်းထန်ကြောင်း သိရှိစေရန် အချက်အလက်များ ကောက်ယူရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း အဆိုပါအသင်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပါက အကျိုးသက်ရောက်မှုများရှိကြောင်း မိမိတို့အနေဖြင့် သိရှိထားသောကြောင့် ရေရှည်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပါက ကလေးငယ်များ၏ ကျန်းမာရေးကို မည်ကဲ့သို့ အကျိုးသက်ရောက်မှုများရှိကြောင်း သိရှိကာ ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အဆိုပါအသင်းက ပြောကြားသည်။ အမေရိကန်နိုင်ငံ၌ ကလေး ၁၃ ဒသမ ၉ သန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ဆောင်းရာသီတွင် ဥရောပဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ကိုပင်ဟေဂင် ဇူလိုင် ၁၉

ဆောင်းရာသီအတွင်း ဥရောပဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ထပ်မံမြင့်တက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသရုံးက ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဥရောပဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးသန်းနီးပါးရှိခဲ့ပြီး ၎င်းအရေအတွက်သည် တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများ၏ ထက်ဝက်ခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ယခုအချိန်တွင် BA.2 နှင့် BA.5 အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ များပြားနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသရုံးတာဝန်ရှိသူ ဟန်ကလုပ်စ်က ပြောကြားသည်။

ဥရောပဒေသတွင် သီတင်းတစ်ပတ်အတွင်း ကိုဗစ်-၁၉ရောဂါကြောင့် လူ ၃၀၀၀ ခန့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။ ဥရောပဒေသတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်နှင့် လူများ အသွားအလာ ပြန်လည်ပြုလုပ်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုပြန်လည်မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ထို့ကြောင့် ဒေသအတွင်းရှိ နိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား -ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အယ်လ်ဂျီးရီးယားနိုင်ငံက အီတလီနိုင်ငံ၏ အဓိကဓာတ်ငွေ့ ထောက်ပံ့သော နိုင်ငံဖြစ်လာမည်

ရောမ ဇူလိုင် ၁၉

အယ်လ်ဂျီးရီးယားနိုင်ငံသည် လာမည့်နှစ်များအတွင်း အီတလီနိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့မှုကို တိုးမြှင့်လိမ့်မည်ဖြစ်ကြောင်းနှင့် အီတလီနိုင်ငံ၏ အဓိကဓာတ်ငွေ့ထောက်ပံ့သော နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံ သမ္မတ အဗ္ဗဒယ်မက်ဂျစ်တက်ဘူနီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီက ဇူလိုင် ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အယ်လ်ဂျီးရီးယားနိုင်ငံက အီတလီနိုင်ငံသို့ ဓာတ်ငွေ့တိုးမြှင့် ထောက်ပံ့ရေးသဘောတူညီချက်သည် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီ၏ တရားဝင်အလည်အပတ်ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား သဘောတူညီချက်များအနက် တစ်ခုဖြစ်သည်။

အယ်လ်ဂျီးရီးယားနိုင်ငံနှင့် အီတလီနိုင်ငံတို့သည် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီ၏ တစ်ရက်ကြာ အယ်လ်ဂျီးရီးယားခရီးစဉ်အတွင်း စွမ်းအင်နှင့် အခြားသောနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် ၁၆ ခုကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားနိုင်ငံသည် ယခုနှစ်အတွင်း အီတလီနိုင်ငံသို့ ဓာတ်ငွေ့ထောက်ပံ့မှုကို ကျူဘစ်မီတာ လေးဘီလီယံအထိ တိုးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အယ်လ်ဂျီးရီးယားနိုင်ငံ၏ အေပီအက်စ်သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

ရုရှား-ယူကရိန်း ပဋိပက္ခမဖြစ်ပွားမီက ရုရှားနိုင်ငံသည် အီတလီနိုင်ငံသို့ ဓာတ်ငွေ့တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ခဲ့ကြောင်းလည်း သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်



အယ်လ်ဂျီးရီးယားသမ္မတ အဗ္ဗဒယ်မက်ဂျစ်တက်ဘူနီနှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီတို့ ဇူလိုင် ၁၈ ရက်က တွေ့ဆုံစဉ်။

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၃၈၂ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဇူလိုင် ၁၉

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၃၈၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၈၈၆၁၅၉၃ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် ၄၃၈၃၂ ဦးရှိကြောင်း တောင်ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၃၅၁ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကြောင့်သေဆုံးသူပေါင်း ၂၄၇၆၅ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၅၂၈ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဇူလိုင် ၁၉

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၅၂၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် ရောဂါ ကူးစက်ခံရသူပေါင်း ၄၃၇၈၃၀၆၂ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၅၇၈၅ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ပြန်လည်ကျန်းမာလာ**

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၁၄၃၆၅၄ ဦး ရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၆၁၁၃ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာ သူပေါင်း ၄၃၁၁၃၆၂၃ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

နိုင်ငံတစ်ဝန်းတွင် ဇူလိုင် ၁၉ ရက်နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၀၃၃၅၂၅၇ လုံး ထိုးနှံပေးပြီးဖြစ်ကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

■

# ပြင်သစ်နိုင်ငံအနောက်ပိုင်းရှိ ဒေသ ၁၅ ခုတွင် အပူချိန်မြင့်မားမှုဆိုင်ရာ သတိပေးချက်များထုတ်ပြန်

ပါရီ ဇူလိုင် ၁၉

ပြင်သစ်နိုင်ငံအနောက်ပိုင်းရှိ ဒေသ ၁၅ ခုတွင် အပူချိန်မြင့်မားမှုဆိုင်ရာ သတိပေးချက်များထုတ်ပြန်ထားကြောင်း ပြင်သစ်သတင်းချန်နယ် BFMTV က ပြောကြားသည်။

နိုင်ငံအနောက်တောင်ပိုင်းရှိ ဒေသများတွင် အပူချိန် ၄၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိနေကြောင်း သိရသည်။ နိုင်ငံအတွင်း ၁၉၄၇ ခုနှစ်နောက်ပိုင်း (၄၅) ကြိမ်မြောက် အပူလှိုင်းဝင်ရောက်ခြင်းဖြစ်ကြောင်း ပြင်သစ်မိုးလေဝသလုပ်ငန်းက ပြောကြားသည်။

ဇူလိုင် ၁၂ ရက်မှ စတင်၍ လောင်ကျွမ်းခဲ့သော တောမီးများကြောင့် မြေဟက်တာ ၁၄၀၀၀ ပျက်စီးခဲ့ပြီး လူ ၁၆၂၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးသတ်သမား ၁၇၀၀ ခန့်က အဆိုပါ တောမီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်နေကြသော်လည်း လေပြင်းထန်စွာ တိုက်ခတ်ခြင်းကြောင့် မီးသတ်ရာတွင် လုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တရုတ်နိုင်ငံ၌ ကမ္ဘာ့လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ ကျင်းပမည်

ပေကျင်း ဇူလိုင် ၁၉

ကမ္ဘာ့လူငယ်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ကမ္ဘာ့နိုင်ငံ ၁၀၀ကျော်မှ ကိုယ်စားလှယ် ၂၀၀၀ နီးပါးဖြင့် တရုတ်နိုင်ငံ၌ ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် အလုပ်အကိုင်၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍများကို ဆွေးနွေးသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံလူငယ်များဆိုင်ရာအဖွဲ့က စီစဉ်ကျင်းပခြင်းဖြစ်သည်။ ယခုဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံနှင့်ဒေသများဖြတ်ကျော်ကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍများစွာတွင် တာဝန်ရှိသူများနှင့် လူငယ်အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် စကားဝိုင်းဆွေးနွေးပွဲများနှင့် အွန်လိုင်းမှ ဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# ဟောင်ကောင်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လေးကြိမ်ထိုးနှံပြီးသူ ၁၈၀၀၀၀ ကျော်ရှိ

ဟောင်ကောင် ဇူလိုင် ၁၉

ဟောင်ကောင်၌ လူဦးရေ ၁၈၀၀၀၀ ကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလေးကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံ လိုက်ထိုးနှံမှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး လူဦးရေ ၆ ဒသမ ၇၆ သန်းခန့် သို့မဟုတ် လူဦးရေစုစုပေါင်း၏ ၉၂ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၆ ဒသမ ၄၉ သန်း သို့မဟုတ် လူဦးရေစုစုပေါင်း၏ ၈၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၁၈ ရက်အထိ ကာလအတွင်း လူဦးရေ စုစုပေါင်း၏ ၆၅ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ




၃၁၈၂ ဦးရှိကြောင်းနှင့် အဆိုပါကူးစက်ခံရသူများအနက် ၂၅၄ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အလင်းသစ်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သန်း သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်တွင် ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျောက်တုံးကျေးရွာရှိ မအားပ၏နေအိမ်ကို သတင်းအရရှာဖွေရာ ၎င်းနှင့် အိုက်ကပ်တို့အား နေအိမ်ခြံဝင်းအတွင်း ယာဉ်နှစ်စီးနှင့်အတူတွေ့ရှိရပြီး အဆိုပါယာဉ်နှစ်စီးပေါ်မှ ငွေကျပ်သိန်း ၉၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မိုင်းဆတ်မြို့နယ် ကျောက်တုံးကျေးရွာမှ ဝမ်ဟုန်ကျေးရွာသို့ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



မအားပနှင့် အိုက်ကပ်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ဖားကန့်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ယူမာကျေးရွာအနီးတွင် ယော်ထန်(ခ)မာယော် မောင်းနှင်ပြီး မလဲ့လဲ့ဆွေ(ခ)ဆွေဆွေထွန်း လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၁ ဒသမ ၉၈ ကီလို၊ ဘိန်းဆီခဲ ၄ ကီလိုကို လည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ၆၅ လမ်း၊ ၃၁ x ၃၂ လမ်းကြားတွင် မကြွယ်ကြွယ်ဦး(ခ)မိကြွယ် မောင်းနှင်ပြီး တင်မောင်ဝင်း(ခ)ယီစွတ်နှင့် မသီတာတို့ လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၅ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မနှင်း(ခ)နှင်းနှင်းကို ၎င်း၏နေအိမ်၌လည်းကောင်း။

**အရေးယူထား**

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကုတ်မြို့နယ် ဗမွန်ကျေးရွာအုပ်စု ပန်းမထိပ်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ငွေထွန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် သုည ဒသမ ၉ ကီလိုကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၁၇ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု စခန်းကြီးကျေးရွာအဝင် သံဖြူဇရပ်-ရေး သွားကားလမ်းတွင် ဦးစိုး(ခ)ဦးဝိုင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိ




ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့စဉ် ဇူလိုင် ၁၈ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဂဟေဆော်စက် ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၄၀၀၀၀)အား လည်းကောင်း၊ ဇူလိုင် ၁၉ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော SUE SAT တံဆိပ်ပါ ဆပ်ပြာမှုန့်ဖာ ၁၄၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်အတွင်း ကျွန်းပါကေးအကြမ်းတုံးများ ၁ ဒသမ ၃၇၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၆၀၄၈) ကိုလည်းကောင်း၊ သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်နှင့် မြောက်ဇာမရီကြိုးဝိုင်းအတွင်း ကျွန်းပရိဘောဂအကြမ်းထည်များ၊ ပျဉ်းကတိုးခွဲသားနှင့် ကျွန်းသစ် ၇ ဒသမ ၄၀၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၄၀၆၈) ကိုလည်းကောင်း၊ တောင်ငူခရိုင်အတွင်းရှိ ကျောက်မဆင်ကြိုးဝိုင်းနှင့် ရိုးမကြိုးပြင်ကာကွယ်တောအတွင်း ဒီးဒူးခွဲသား၊ ကျွန်းခွဲသား (ပွတ်လုံး)၊ ကြို့ခွဲသား၊ ပျဉ်းကတိုးခွဲသား ၃ ဒသမ ၂၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၁၇၇၆) ကိုလည်းကောင်း စုစုပေါင်း ၁၂ ဒသမ ၀၀၄ တန်(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၃၁၈၉၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု ခန့်မှန်းတန်ဖိုး ငွေ ၁၁၈၇၁၈၉၂ ကျပ်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၇-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ စစ်မှီးငြိမ်းချိန်တန်ပါပြီ
၀၉:၁၀ နဝဂ်ဥပေါသထသီလခံယူတည်ဆောက်ခြင်း
၀၉:၃၀ ဖော်ရွေပျူငှာကြိုနေမှာ နောင်ချိုမြို့ကခနရွာ (CBT)
၁၀:၀၀ သတင်းထဲကသတင်း
၁၃:၃၀ MRTV National News
၁၆:၃၅ အသိပညာနှင့်အမှန်တရား 'လူ့အသင့်အတန်း'
၁၇:၁၅ ခေတ်အလိုက်ကြေးမုံမြင်
၁၇:၄၀ ယဉ်ကျေးမှုနှင့်သဘာဝအလှတေးဖွဲ့သီရာ ကျောက်တချားကျေးရွာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ '(၃၀)ဖြာမဟာ' (ဦးနန်းဝင်းရေးသားပြုစော်တင်ဆက်သည်) 'ဟတာဝိတ္တဥပဌာန်'
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတက်ဘောအက်ဆေး' (အပိုင်း-၃၁)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၁၅ (၁၇)ကြိမ်မြောက်ဆိုကား၊ ရေး၊ တီး ပြိုင်ပွဲ (ရုပ်စုံပြိုင်ပွဲ) 'တူရိယသင်္ဂီတစာတော်ကြီး'
၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၄)

### mitv

07:02 Evergreen Classic: Parami Taw (Hnin Hnin Htoo)
07:09 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
07:23 Myanmar Traditional Snacks: Sago Syrup with Sweet Potato
07:30 Discovering Tribes: Taisun (Their Life and Customs) (Part-2)
07:52 Yoghurt Vendor
08:01 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
08:26 Inle Traditional Dance
08:34 A Day in Pyin Oo Lwin
08:51 Mularsheedi we love!
09:01 News
09:26 Global Partnership for Brighter Future: Kuwait Pavilion at Expo 2020 Dubai
09:35 Handmade Artisan Ye`Linn Oo
09:47 Charming & Fragrant Sabai

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တလာခူးရွာသို့အလည်သွားကြရအောင်
**ချင်း(လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နွားနောက်မြီးစွပ်ပြုတ်
**ချင်း(ချိူး) (၀၉:၀၀ မှ ၁၀:၀၀)**
လေးကြိုးပြုလုပ်ခြင်း
**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ရာမညမြေမှအမွေအနှစ်များ
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဝါးတုတ်ချက်
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
အင်းသားလေ့လှော်ကမ္ဘာကျော်
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
အသီးအရွက်စားပါ
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဝဥစိုက်ကြမယ်
**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
ကယားအမျိုးသားတို့၏အဲ့ဒိုပေါ်ပီအကာအကြောင်း
**ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကမ္ဘာဇေသာဒီရွှေနန်းတော်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၆)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၅၀ ပြည်ထောင်စုနယ်မြေမှ နေချင်စဖွယ်ကျေးရွာများ
၀၇:၃၅ ကဏန်းသယံဇာတများထွက်ရှိရာ ကဏန်းကမ္ဘာ
၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
၀၉:၀၀ ပြုံးပန်းဝေဖြာတို့တောရွာ
၀၉:၀၀ ဒေသနှင့်ကိုက်ညီသောစပါးမျိုးစိုက်နိုင်ဖို့ ကိုယ်တိုင်ပါဝင်မျိုးရွေးချယ်စို့

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

❖ ကျောဖုံးမှ

နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေး ရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်းမရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**



## သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း၌ ရေဝင်နစ်မြုပ်မှုဖြစ်ပွားနေသည့် ငါးဖမ်းစက်လှေပေါ်မှလှေသားများကို တပ်မတော်စစ်ရေယာဉ်ဖြင့် ကူညီကယ်ဆယ်

**နေပြည်တော် ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ရေယာဉ်သည် ယနေ့နံနက် ၁ နာရီခန့်တွင် အပေါ်ရီကျွန်း၏ အနောက်မြောက်ဘက် ကိုးမိုင်ခန့်အကွာ၌ ရေဝင်နစ်မြုပ်လျက်ရှိသော ငါးဖမ်းစက်လှေတစ်စင်းအား တွေ့ရှိသဖြင့် ကူညီကယ်ဆယ်ပေးခဲ့ကြောင်း သိရသည်။

**ရေဝင်နစ်မြုပ်ခဲ့**

အဆိုပါ ငါးဖမ်းစက်လှေသည် လှေသားငါးဦး လိုက်ပါ၍ ယမန်နေ့ညနေပိုင်းတွင် သဖြူချိုင်ကျေးရွာမှ ပင်လယ်ပြင်သို့ ငါးဖမ်းရန်ထွက်ခွာလာစဉ် လှေဦးအောက်ခြေမှပွင့်ထွက်၍ ရေဝင်နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်စစ်ရေယာဉ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လှေသားများကို စစ်ရေယာဉ်ပေါ်သို့တင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ နောင်နောင်လတ်သည် ၎င်းအသုံးပြုသည့် “Naung Naung Latt” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ ခင်မောင်အေးသည် ၎င်းအသုံးပြုသည့် “Khin Maung Aye” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စည်သာကျေးရွာနေ တင်မောင်ထွေးသည် ၎င်းအသုံးပြုသည့် “Tin Maung Htwe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ထိရောက်စွာအရေးယူ**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အောင်မြေသာစံမြို့နယ်ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၁၉**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁၈ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ အမှတ်(၃၆) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်း လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျောင်းရှေ့လမ်းပေါ်မှ ဆိုင်ကယ်ဖြင့် ဖြတ်သန်းသွားလာနေသူ ပြည်ကြီးရန်လုံရပ်ကွက်နေ ဖြိုးသက်ပိုင်ခန့် ၂၃ နှစ်(ဘ)ဦးမြင့်ထွေးတွင် မိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့ကာ ကျောင်းဝင်းအတွင်း ရပ်တန့်ထားသည့် Hijet အမျိုးအစား ယာဉ်၏ လေကာမှန်နှစ်ချပ်နှင့် ကျောင်းပြတင်းပေါက်မှန် နှစ်ချပ်တို့ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၀ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၀ | ၁၈၄၅ | ၁၈၇၀ | ၁၈၅၅ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၀ | ၁၈၅၀ | ၁၈၈၅ | ၁၈၈၅ | ၁၈၈၅ | ၂၁၀၅ | ၂၅၆၀ |
| 95 Ron | ၁၈၆၅ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၅ | ၁၉၁၀ | ၁၉၃၀ | ၁၉၂၀ | ၁၈၉၅ | ၁၉၉၀ | ၂၀၀၅ | ၁၉၀၅ | ၁၉၂၀ | ၁၉၄၅ | ၁၉၄၅ | ၁၉၅၀ | ၂၁၇၀ | ၂၆၁၅ |
| HSD (500 ppm) | ၂၁၃၀ | ၂၁၈၀ | ၂၁၇၅ | ၂၁၄၀ | ၂၁၇၅ | ၂၂၀၀ | ၂၁၉၅ | ၂၁၆၅ | ၂၂၇၅ | ၂၂၇၀ | ၂၁၇၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၁၅ | ၂၂၁၅ | ၂၄၃၅ | ၂၈၄၅ |
| HSD (50 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၁၉၀ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၅ | ၂၄၉၀ | ၂၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၀ | ၁၇၇၇ |
| 95 Ron | ၁၇၇၁ | ၁၈၃၉ |
| HSD (500 ppm) | ၂၀၂၉ | ၂၁၀၀ |
| HSD (50 ppm) | ၂၀၈၅ | ၂၁၅၆ |
| HSD (10 ppm) | ၂၀၈၅ | ၂၁၅၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ပွဲတွင် ရန်ကုန်မြို့ရှိ ဆော်ဒီအာရေဗျသံရုံးမှ ပူးပေါင်းပါဝင်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် ကျင်းပခဲ့သော တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှု ဖလှယ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီ အာရေဗျသံရုံးမှ ပူးပေါင်းပါဝင်ခဲ့သောကြောင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရန်ကုန်မြို့ရှိ ဆော်ဒီ အာရေဗျသံရုံးမှ ဇူလိုင် ၁၉ ရက် ထုတ်ပြန်ထားချက်အရ သိရသည်။



ဇူလိုင် ၁၈ ရက်က ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပရဝဏ်၌ ကျင်းပခဲ့သော ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနား၌ သံအမတ်ကြီး၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီ အာရေဗျသံရုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ သံရုံးမှ ခင်းကျင်းပြသခဲ့သော ပြခန်းတွင်လည်း Mandi ထမင်းဟင်းလျာများ၊ စွန်ပလွန်သီးများနှင့်အာရဗ်ကော်ဖီတို့ကို တာဝန်ရှိသူများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား တည်ခင်းဧည့်ခံနိုင်ခဲ့ကြောင်း၊ အလားတူ ကျောင်းသား ကျောင်းသူများအား ခင်းကျင်းပြသခဲ့သော ပြခန်းတွင်လည်း စွန်ပလွန်သီးများနှင့်အာရဗ်ကော်ဖီတို့ကို ဧည့်ခံကျွေးမွေးခဲ့ကာ ဘုရင် Abdulaziz၊ ဘုရင် Salman၊ အိမ်ရှေ့မင်းသား Mohammed bin Salman တို့၏ ဓာတ်ပုံများ၊ နိုင်ငံတော်၏အထင်ကရရှုခင်းပုံများ၊ ဆော်ဒီအလံများနှင့်သစ်မွှေးရနံ့များကို ခင်းကျင်းပြသနိုင်ခဲ့ကြောင်း၊ တက္ကသိုလ်တွင် အာရဗီဘာသာစကားဌာန မရှိသေးသော်လည်း မြန်မာနိုင်ငံ၏ တက္ကသိုလ်၏အခမ်းအနားများတွင်ပါဝင်ရန် ဆော်ဒီသံရုံးအား လေးစားဂုဏ်ယူစွာဖြင့် ဖိတ်ကြားသောကြောင့် အထူးကျေနပ် ဂုဏ်ယူ ဝမ်းမြောက်မိကြောင်း ထုတ်ပြန်ထားသည်။

ဇူလိုင် ၁၈ ရက်တွင်ကျင်းပခဲ့သော ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ယဉ်ကျေးမှု ဖလှယ်ပွဲ၌ မြန်မာ၊ အင်္ဂလိပ်၊ ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အီတလီ၊ ပြင်သစ်နှင့် ရုရှားဘာသာစကားဌာနတို့မှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ နိုင်ငံအလိုက် အစားအသောက် မိတ်ဆက်ပွဲ၊ ရိုးရာဝတ်စုံများနှင့် ယဉ်ကျေးမှုဖျော်ဖြေတင်ဆက်မှုများ ပါဝင်ခဲ့ပြီး အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ အပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားနှင့် ဆော်ဒီအာရေဗျ သံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးမြင့်အောင်**

## ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် Cultural Exchanges 2022 အခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ၏ Cultural Exchanges 2022 အခမ်းအနားကို COE Hall ၌ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမင်းမင်းရီတို့က အဖွင့်အမှာစကား ပြောကြားသည်။

Cultural Exchanges 2022 ပထမပိုင်း၌ Food Exchange Programme တွင် YUFL ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၏ လက်ရာ နိုင်ငံ ၁၀ နိုင်ငံ၏ အစားအသောက်များကို တည်ခင်းဧည့်ခံခဲ့သည်။

ဒုတိယပိုင်းအစီအစဉ်၌ Cultural Exchange Programme တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက နိုင်ငံကိုးနိုင်ငံ၏ ယဉ်ကျေးမှုများကို တင်ဆက်ဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ ဖိတ်ကြားထားသော သံရုံးများမှ ကိုယ်စားလှယ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)၊ ဌာနမှူး(ရုပ်သံ)၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စီမံခန့်ခွဲရေးဌာနများမှ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# (၂၂) ကြိမ်မြောက် အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့၏ ဆက်သွယ်ရေးမူဝါဒဆိုင်ရာဖိုရမ် ဝန်ကြီးအဆင့်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

အာရှ-ပစိဖိတ် ကြေးနန်းဆက်သွယ်ရေးအဖွဲ့ (Asia Pacific Telecummunity-APT) မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ Hybrid Format ဖြင့် ကျင်းပလျက်ရှိသော "The 22nd APT Policy and Regulatory Forum (PRF-22)" အစီအစဉ်များအတွင်း ယနေ့ကျင်းပသည့် ဝန်ကြီးအဆင့်စားပွဲဝိုင်းဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်က Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

**အမှာစကားပြောကြား**

ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားတွင် အေပီတီ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Masanori Kondo က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆက်သွယ်ရေးမူဝါဒဆိုင်ရာဖိုရမ်၏ ဥက္ကဋ္ဌဖြစ်သူ Mr. Trieu Minh Long က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန် အပါအဝင် ဦးဆောင်ဆွေးနွေးသူ ခြောက်ဦးတို့က "Digital Transformation and Innovation Strategies for Sustainable Digital Society" ခေါင်းစဉ်ဖြင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းကို အရှိန်မြှင့်တင်နိုင်ရန်အတွက် အစိုးရများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရှိသော မူဝါဒဆိုင်ရာမဟာဗျူဟာများနှင့် ချဉ်းကပ်နည်းများကို အာရှ-ပစိဖိတ်နိုင်ငံများတွင် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံကောင်းများအဖြစ် မျှဝေဆွေးနွေးခဲ့ကြသည်။




ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အိုင်စီတီကဏ္ဍဖြေလျှော့ခြင်းများ စတင်ဆောင်ရွက်ပြီးနောက် အိုင်စီတီနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၏ ချိတ်ဆက်နိုင်မှု၊ ဈေးနှုန်းသင့်တင့်မှုနှင့် အရည်အသွေးတို့သည် သိသိသာသာ တိုးတက်လာသော်လည်း မြို့ပြနှင့်ကျေးလက်အကြားအသုံးပြုမှုတွင် ကြီးမားသော ကွာဟမှုသည် ယခုထက်ထိရှိနေသေးကြောင်း၊ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ဆက်သွယ်ရေးဝန်ဆောင်မှုမရရှိသေးသော ဒေသများအား ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ရရှိရေးဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းရေး မဟာဗျူဟာ(၂၀၁၉-၂၀၂၃) ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ထိုသို့ဆက်သွယ်မှုနှင့် ဈေးနှုန်းသင့်တင့်မျှတမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သည်နှင့်အမျှ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာဆက်သွယ်မှုများ ပိုမိုများပြားလာကာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့်ဆက်နွှယ်သည့် ကိစ္စရပ်များ ကြုံတွေ့လာရမည်ဖြစ်ကြောင်း၊ ယင်းတို့မှာ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ဝန်ဆောင်မှုများကို အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် သင့်လျော်သည့် နားလည်တတ်ကျွမ်းမှုလိုအပ်ခြင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာအားနည်းခြင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြုံတွေ့ရခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာများကို (အထူးသဖြင့် လူမှုကွန်ရက်အပါအဝင် ဒစ်ဂျစ်တယ်ပလက်ဖောင်းတို့တွင်) ကျင့်ဝတ်သိက္ခာမရှိဘဲ အကျိုးမဲ့စွာ အသုံးပြုခြင်း၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းခြင်းနှင့် ဒစ်ဂျစ်တယ်စီးပွားရေးအတွက် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှုအပေါ် စိန်ခေါ်မှုများရှိနေခြင်းတို့ဖြစ်ကြောင်းနှင့် ယင်းတို့ကို ကျော်လွှားနိုင်ရန်အတွက် စီမံဆောင်ရွက်ရမည့်နည်းတူ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာနှင့် အတွေ့အကြုံဖလှယ်မှုများရယူ၍ ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယနေ့ကျင်းပသည့်ဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများ၏ ဆက်သွယ်ရေးနှင့် အိုင်စီတီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုကိစ္စ၊ ဒေသတွင်းလိုက်လျောညီထွေမှု (Harmonized) ဖြစ်စေမည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ၂၀၀၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပသည့် ဖိုရမ်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် APT အထွေထွေအတွင်းရေးမှူးချုပ် (APT Secretary General) ဖြစ်သူ Mr. Masanori Kondo က ဦးဆောင်ဆွေးနွေးပြောကြားသူ (Moderator) အဖြစ် ဆောင်ရွက်ခဲ့ပြီး ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှဝန်ကြီး၊ ဒုတိယဝန်ကြီးများက Speaker များအဖြစ် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာပေစကားဝိုင်း၊ ပန်းချီနှင့် ကဗျာရွတ်ပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနား ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁၉**

(၇၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာပေစကားဝိုင်း၊ ပန်းချီနှင့်ကဗျာရွတ်ပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင်နှင့် ကချင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ လူထုအခြေပြုဗဟိုဌာန ကလေးစာဖတ်ခန်း၌ အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၅ ဦးနှင့် စာကြည့်တိုက်ခန်းမတွင် ကျင်းပသည့် ကဗျာရွတ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် တက္ကသိုလ်အဆင့် ဗိုလ်ချုပ်ကဗျာရွတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဗိုလ်ချုပ်ကဗျာရွတ်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ဆုတံဆိပ်နှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဘက်စုံသုံးခန်းမ၌ ကချင်ပြည်နယ်စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ စာရေးဆရာ အကြီးကိုကို(ကသာ)နှင့် စာရေးဆရာများက (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာပေစကားဝိုင်း ကျင်းပခဲ့ကြောင်း သိရသည်။

**ယော်ဆောင်(ပြန်/ဆက်)**



# (၂၂) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၉**

အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC) မဏ္ဍိုင်၏ (၂၂) ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (22nd ASEAN Senior Officials Meeting on Transnational Crime – 22nd SOMTC) ကို ယနေ့ နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်ဦးဆောင်၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ အတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် SOMTC (မြန်မာ) ခေါင်းဆောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် အောင်အောင်ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ အစည်းအဝေးခန်းမမှ အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြသည်။



22nd SOMTC စုံညီအစည်းအဝေးတွင် သဘာပတိ ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးရုံး အထွေထွေအတွင်းရေးမှူးချုပ် (SOMTC ခေါင်းဆောင်) ရဲဗိုလ်ချုပ်ကြီး POR PHAK က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံ ၁၀ နိုင်ငံမှ SOMTC ခေါင်းဆောင်များက နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံအဆင့် ပူးပေါင်းဆောင်ရွက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ အာရှဒေသတွင်း စိမ့်ဝင်လာသော အကြမ်းဖက်မှုအန္တရာယ်တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးပြဿနာ၊ လက်နက်မှောင်ခိုသယ်ဆောင်မှု၊ လူကုန်ကူးမှု၊ ဆိုက်ဘာမှုခင်း၊ တောရိုင်းတိရစ္ဆာန်နှင့်သစ်များ တရားမဝင်သယ်ဆောင် ရောင်းဝယ်မှု တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။ ယင်းအစည်းအဝေးတွင် မြန်မာ SOMTC ခေါင်းဆောင် ရဲဗိုလ်ချုပ် အောင်အောင်က မြန်မာနိုင်ငံ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လက်နက်မှောင်ခို တားဆီးနှိမ်နင်းရေး ဆောင်ရွက်ခဲ့မှု၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅) အကောင်အထည်ဖော်မည့် SOMTC လုပ်ငန်းစဉ် (၂၀၂၂-၂၀၂၄)၊ SOMTC ၏ လုပ်ငန်းလမ်းညွှန် (TOR) နှင့် အထွေထွေနိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ SOMTC လုပ်ငန်းအဖွဲ့၏ လုပ်ငန်းလမ်းညွှန် (TOR) တို့ကို အတည်ပြုခဲ့ကြပြီး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သော နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ စီမံကိန်းများ၊ ဆိုင်းငံ့/ဆောင်ရွက်ဆဲအခြေအနေများကို နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အာရှဒေသတွင်း နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ပံ့ပိုးပေးလျက်ရှိသော တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဥရောပသမဂ္ဂ၊ အိန္ဒိယ၊ နယူးဇီလန်၊ အမေရိကန်နိုင်ငံတို့နှင့်ပြုလုပ်မည့် အစည်းအဝေး အစီအစဉ်များနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို သက်ဆိုင်ရာ နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြသည်။ 22nd SOMTC နှင့် ဆက်စပ်အစည်းအဝေးများကို ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နှစ်ယောက်တွဲ ရွှေတံဆိပ်ဆုရ အားကစားသမားများအား ဂုဏ်ပြု

**မြစ်ကြီးနား ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် အမျိုးသား နှစ်ယောက်တွဲ အသင်းလိုက် ရွှေတံဆိပ်ဆုရ အားကစားသမား များနှင့် လက်ဝှေ့ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသော ပြည်နယ်ဂုဏ်ဆောင်



အားကစားသမားများအား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပ သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့ ကချင်ပြည်နယ်၏ အားကစားကဏ္ဍသည် အနာဂတ် ကောင်းများစွာ ရရှိနေပြီဖြစ်ကြောင်း၊ နောင်နှစ်များ တွင်လည်း ယခုကဲ့သို့ အောင်မြင်မှုအစဉ်အလာကောင်း များကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုမြင့်မားသည့် အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် မိမိတို့ ပြည်နယ်၏ဂုဏ်ကို အားကစားနည်းဖြင့် မြှင့်တင် စွမ်းဆောင်ပေးခဲ့ကြသူများကို အထူးပင် ဝမ်းမြောက် ဂုဏ်ယူမိကြောင်း ပြောကြားသည်။

ထို့နောက် အားကစားသမားများအား ဂုဏ်ပြု ချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်က တိုင်းဒေသကြီး နှင့် ပြည်နယ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား နှစ်ယောက်တွဲ ရွှေတံဆိပ်ဆုရ ပြည်နယ်လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်းအား ဂုဏ်ပြုငွေကျပ် ၄၂ သိန်း နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်မျိုးဦး က ရွှေတံဆိပ်ဆုရရှိခဲ့သော ပိုက်ကျော်ခြင်းအသင်း အတွက် ဂုဏ်ပြုငွေကျပ် ၁၀ သိန်း၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော ပြည်နယ်လက်ဝှေ့အသင်းမှ အားကစားသမားအား ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်လူမှုရေးရာ ဝန်ကြီးတို့က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံး ခုရ ပြည်နယ်လက်ရွေးစင် တိုက်ကွမ်ဒိုအားကစား အသင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၁ သိန်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးချီးမြှင့်ပေးအပ် ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဇူလိုင် ၁၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုး သမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်သည့်အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီက ဘားအံ မြို့ အမှတ်(၁) ရပ်ကွက် ပဒုမ္မာ လမ်းရှိ မိုးလုံလေလုံအားကစား ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးစော မြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေ ထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့် ကြက်တောင်ရိုက်အားကစား ဝါသနာရှင်များက အမျိုးသမီး တစ်ဦးချင်းဗိုလ်လုပွဲစဉ် ယှဉ်ပြိုင် ကစားနေမှုကို ကြည့်ရှုအားပေး ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ်က အမျိုးသားအသင်း လိုက်ပြိုင်ပွဲတွင် ဆုရရှိသောအသင်း များအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆုနှင့် ဆုဖလားတို့ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ အတွင်းရေးမှူးနှင့် တာဝန် ရှိသူများက ဆုရရှိသောအသင်း များအား လည်ဆွဲဆု၊ ငွေသားဆု နှင့် ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရ သည်။

**ပြည်နယ် (ပြန်/ဆက်)**





# မကွေးတက္ကသိုလ်၌ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မကွေး ဇူလိုင် ၁၉**

မကွေးတက္ကသိုလ် ၂၀၂၂ ခုနှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လု ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက မကွေး တက္ကသိုလ် ဘောလုံးကွင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်း အနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်နှင့် မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦးတို့က အမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုဆု များနှင့် တစ်ဦးချင်းဆွဲပြားများကို လည်းကောင်း၊ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် တစ်ဦးချင်း နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများအား ဆု ကလပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အမျိုးသား ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိ သော ဘူမိဗေဒဘာသာရပ် ဘောလုံးအသင်းအား တစ်ဦးချင်း ဆွဲပြားများနှင့် ဂုဏ်ပြုဆုများကို လည်းကောင်း၊ အနိုင်ရဗိုလ်စွဲ ခဲ့သော ဓာတုဗေဒဘာသာရပ် ဘောလုံးအသင်းအား တစ်ဦးချင်း ဆွဲပြားများနှင့် တံခွန်စိုက်ဆုတို့ ကိုလည်းကောင်း ပေးအပ်ချီးမြှင့် ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် မုံရွာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကို ယမန်နေ့ ညနေပိုင်းတွင် မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်း၌ ကျင်းပ သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲအဖြစ် ဘာသာရပ် ပေါင်းစုံ (ဂ) အမျိုးသားဘောလုံးအသင်းနှင့် ဘာသာ ရပ်ပေါင်းစုံ (ခ) အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ ဘာသာရပ်ပေါင်းစုံ (ဂ) အမျိုးသားဘောလုံးအသင်းက ဘာသာရပ်ပေါင်းစုံ (ခ) အမျိုးသားဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသော ဘာသာရပ်ပေါင်းစုံ (ဂ) အမျိုးသားဘောလုံးအသင်း အား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုငွေကျပ် ငါးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်း ဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးတို့က ဆုရအသင်းများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

■



# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံလေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် တပ်မတော်သားများနှင့် တပ်မတော်သား မိသားစုဝင်များ ပညာရည်မြှင့်တင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိရာ မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များကို နိုင်ငံတကာ ဗဟုသုတ တိုးပွားစေရန်၊ နိုင်ငံတကာ ယဉ်ကျေးမှုနှင့် အသိပညာများ လေ့လာသိရှိနိုင်စေရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များ ပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ လေ့လာရေးအဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

အဆိုပါ လေ့လာရေးအဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တပ်မတော် အရာရှိကြီးများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လေ့လာရေးအဖွဲ့သည် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံရှိ Garden by the Bay ဥယျာဉ်တွင် လေ့လာခြင်း၊ Merlion ပန်းခြံတွင် လည်ပတ်ခြင်းနှင့် စင်ကာပူနိုင်ငံ၏ အထင်ကရနေရာ Merlion ရုပ်တုကြီးဖြင့် မှတ်တမ်းတင်ခြင်း၊ မြေအောက်ရထားစီး၍ လည်ပတ်ခြင်း၊ စင်ကာပူအမျိုးသားတက္ကသိုလ်သို့ သွားရောက်လေ့လာခြင်း၊ Nayang Technological University(NTU) သို့ လေ့လာခြင်း၊ Science Center သို့လည်ပတ်ခြင်း၊ See Aquarium သို့လေ့လာခြင်း၊ Vivo City တွင် ဈေးဝယ်ခြင်းနှင့် Assumption University သို့ လေ့လာခဲ့ကြသည်။

**လေ့လာခြင်းများဆောင်ရွက်**

ထို့နောက် ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်ထိ ထိုင်းနိုင်ငံ ဘန်ကောက်ရှိ မြဘုရားအား သွားရောက်ဖူးမြော်ခြင်း၊ ငါးပြတိုက်သို့ လေ့လာခြင်း၊ Madame Tussauds သို့ လေ့လာရေး သွားရောက်ခြင်း၊ ကျောက်ဖရားမြစ် River City မှ ရှေးဟောင်းသမိုင်းဝင် အရုဏ်ဦးဘုရားဆီသို့ ဘန်ကောက်မြို့ အလှရှုခင်းများအား လှေစီး၍ လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ လေ့လာရေးအဖွဲ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရေးချုပ်ရုံးမှ ဗိုလ်မှူးကြီး တင်ဇော်လတ် ဦးဆောင်၍ စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၀၊ အမှတ်အများဆုံးရရှိသော စစ်သည်သုံးဦး၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းအုပ်နှစ်ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင်သုံးဦး စုစုပေါင်း ၃၈ ဦး လိုက်ပါခဲ့ကြပြီး ဇူလိုင် ၁၅ ရက်မှ ၁၉ ရက်ထိ လေ့လာလည်ပတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**










# အသံတိတ်နဲ့ ကျိတ်ငိုသည်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ



(ယခင်အပတ်မှအဆက်)

ဘယ်လောက် ကြောက်စရာကောင်းလိုက်သလဲလို့ ကိုယ်ရှာတဲ့ချွေးမ ကိုယ့်သားကိုပေးလိုက်ရ၊ နောက် ကိုယ့်အိမ်ပေါ်ခေါ်တင် "သမီး သမီး"လို့ ပါးစပ်က မချွဲခေါ်နေတာတောင် ဒီလောက်ဖြစ်တယ်ဆိုရင် စဉ်းတောင်မစဉ်းစားရဲအောင် ဖြစ်နေတာပေါ့။

"ကဲကွာ မင်းက ငါ့ကို ဆုံးဖြတ်လို့ပြောရင် တစ်ခါတည်းပဲ ဆုံးဖြတ်မယ်"

"ဟုတ်ပြီ ပြောလေ ကျုပ်ကတော့ တော့်အမေ ဆင်းချင်ဆင်း မဆင်းရင် ကျုပ်ဆင်းပဲ၊ ပြတ်ပြတ်ပဲ"

"အေး ကောင်းပြီ ဒီလိုဆိုရင် ငါ့အမေက မွေးခဲ့ကျွေးခဲ့လို့ ငါက လူဖြစ်လာရတာ နောက် အမေက အသက်အရွယ်ကြီးပြီ။ အိုကြီးအိုမနဲ့မဖြစ်ဘူး၊ မင်းက ငယ်သေးတယ်၊ အရွယ်လည်းရှိတယ်၊ ကိုယ့်ဘာသာကိုယ် လုပ်စားလို့ရတယ်၊ ကုန်ကုန်ပြောမယ်ကွာ နောက်အိမ်ထောင်ပြုဦးမလား၊ ရသေးတယ်။ အဲဒီတော့ ငါ့အမေနဲ့ အတူမနေနိုင်ရင် မင်းပဲ ကြိုက်သလိုလုပ်၊ ငါကတော့ အမေနဲ့ မခွဲနိုင်ဘူး"တဲ့။

ဩော် ကိုယ့်ယောကျ်ားက ဒီလောက်နေလာတာ ငါ့ကို မခွဲနိုင်တော့ဘူးဆိုတဲ့ အထင်နဲ့ ယောက္ခမကို မောင်းချဖို့ ကြံစည်တာကိုး အခုတော့ သားလိမ္မာဖြစ်နေတော့ ကိုယ့်ရှုးကိုယ်ပတ်ဆိုသလိုပဲ ကိုယ်ကပဲ အိမ်ပေါ်က အထုပ်ပိုက်ပြီး ဆင်းရုံပဲရှိတော့တာပေါ့။

"အို မောင်ကြီးကလည်း နှမက သဘောပြောပြတာပါ။ အမေနဲ့ နေလာတာကြာပါပြီ။ ဒီလောက်တော့ အနှံ့တာခံနိုင်ပါတယ်၊ အမေ့ကို ပြုစုရတာ ဘာများ ပင်ပန်းတာလိုက်လို့ မောင်ကြီးက အမေနဲ့ပဲ နေမယ်ဆိုရင် နှမလေးကလည်း အမေနဲ့ပဲနေမှာပေါ့နော်၊ ဟုတ်တယ် မဟုတ်လား"လို့ လေပြည်ထိုးရတော့တာပေါ့။

အဲဒီအချိန်ကစပြီးတော့ယောက္ခမအမေအိုကြီးရယ် ဇနီးမောင်နှံရယ်၊ မိသားစုသုံးယောက်ဟာ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြတော့တာပေါ့။

တရားပွဲအစက ပြောခဲ့တဲ့ အမျိုးကောင်းသားဟာ ဘုရားဖူး၊ တရားနာ၊ ကျောင်းမရောက်တာ တစ်ပတ်လောက် ကြာသွားတာကိုး။ ဒီပြဿနာကို ဖြေရှင်းနေရတာလည်း ပါတာပေါ့။

ဟော ကနေ့တော့ ဘုရားရှင်ရဲ့ ကျောင်းကို ရောက်လို့ လာခဲ့ပြီပေါ့ "အမောင် ကျောင်းကို မရောက်တာ ကြာပါပေါ့လား" လို့ မြတ်စွာဘုရားရှင်က အကြောင်းသိလျက်မေးတော့

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်ရဲ့ အိမ်မှာ ဒီလို ဒီလိုတွေ ဖြစ်နေပါတယ်ဘုရား၊ အခုဆိုရင် တပည့်တော်က အမေ့ကျေးဇူး၊ မိဘကျေးဇူးတွေကိုသိပြီး မိခင်အိုကြီးကိုပဲ ဆက်လက်ပြုစုလုပ်ကျွေးနေပါတယ်ဘုရား"လို့ ဂုဏ်ယူဝမ်းမြောက်ဝမ်းသာ စကားတွေ လျှောက်ထားတော့တာပေါ့။

အဲဒီတော့မှ မြတ်စွာဘုရားရှင်က "အမောင်လုလင် သင်သည် ယခုအခါ သာသနာနဲ့ဆုံ၊ ရတနာသုံးပါးနဲ့ကြုံ၊ အဆုံးအမကောင်းတွေရ နောက်ဘုရားရှင်ကဲ့သို့သော ဆရာကောင်း သမားကောင်းတွေ တွေ့ရတော့ "မဘက်လိုက်ပြီး မိုက်ဖက်ပါ"တဲ့ ဘဝက လွတ်ခဲ့တာပေါ့။ မိဘကျေးဇူးတွေကို သိခဲ့တာပေါ့။

ဒါပေမဲ့ ဟိုရှေးအခါတုန်းက အဆုံးအမ မရ၊ ဆရာသမား မရှိဖြစ်ခဲ့တော့ မိမိကိုယ်တိုင် မိမိရဲ့ ကျေးဇူးရှင်မိခင်ကြီးကို အိမ်ပေါ်ကမောင်းချခဲ့သေးတာပေါ့လို့ မိန့်တော်မူပါတယ်။

"ဟုတ်ပါသလား ဘုရား၊ တပည့်တော် အဲဒီလောက်ထိ မိုက်ပါသလားဘုရား၊ တပည့်တော်သည် အရင်ဘဝက ဘယ်လိုဖြစ်ပြီးဘယ်လိုအမေအိုကြီးကို မောင်းချခဲ့ပါသလဲဘုရား" လို့ မေးလျှောက်တော့မှ မြတ်စွာဘုရားရှင်က အတိတ်အကြောင်း ပြန်ဟောပေးတော့တာပေါ့။

"ဟိုရှေးအခါတုန်းက ဗာရာဏသီပြည်ကြီးမှာ သူဌေးမျိုးနွယ်ထဲက မိသားစုတစ်စု ရှိခဲ့ပါတယ်။ မိသားစုမှာသားမိသားဖသုံးယောက် ရှိခဲ့ပါတယ်တဲ့။ အဲဒီမိသားစုရဲ့ အိမ်ထောင်ဦးစီး ဖခင်ကြီးဟာ အချိန်တန်တော့ ကံကုန်ပြီး ဆုံးပါးသွားရှာတယ် စသည်ဖြင့်ပေါ့လေ အတိတ်ဇာတ်ကြောင်းကိုပြန်ပြီး မိန့်တော်မူတာ ယခုဘဝမှာ ချွေးမက အမေအိုယောက္ခမကြီးကို မောင်းချဖို့ ဉာဏ်ဆင်တဲ့အထိ အတူတူပါပဲ" တဲ့။

အဲဒီလို ချွေးမက လင်ယောကျ်ားကို ကုန်းစကားပြောပြီး မိခင်အိုကြီးအပေါ် အထင်အမြင်တွေ လွဲအောင် လုပ်ထားတော့ သားယောကျ်ားလေးဟာ ဇဝေဇဝါတွေ ဖြစ်သွားပါတယ်။

သာသနာပကာလ မြတ်စွာဘုရားရှင်ကဲ့သို့ ဆုံးမသွန်သင်ပေးမယ့် ဆရာသမားက မရှိတော့ မိဘကျေးဇူးကို ဘယ်မှာသိပ့ါမလဲ၊ နားလည်နိုင်ပ့ါမလဲ။ ဘာမှနားမလည်နိုင်ရှာပါဘူး။

အဲဒီတော့ "မဘက်လိုက်ပြီး မိုက်ဖက်ပါတယ်ပဲ" ပြောရမလားမသိပါဘူး၊ မိန်းမစကားယုံပြီး အမေအိုကြီးကို အိမ်ပေါ်က မောင်းချလိုက်တယ်တဲ့လေ။

"ကိုယ်မွေးတဲ့မျောက်က ကိုယ့်ပြန်ခြောက်သလို၊ ကိုယ်မွေးတဲ့မီးက ကိုယ့်ပြန်လောင်သလို" ဆိုတာ အခုမှ လက်တွေ့တွေ့ရတော့တာပါပဲ။

အမေအိုကြီးမှာလည်း အသက်အရွယ်ကကြီး အင်အားကချည့်နဲ့ တုန်ယင်တုန်ယင်နဲ့ အိမ်ပေါ်က ဆင်းရရှာပြီပေါ့။

ကြည့်လိုက်ကြစမ်းပါဦး ကိုယ်ပိုင်တဲ့အိမ်၊ ကိုယ့်အိမ်၊ ကိုယ့်လင်သားနဲ့ ဒိုးတူပေါင်ဖက် ဆောက်ထားခဲ့တဲ့အိမ် အခုကိုယ်မွေးခဲ့တဲ့သား ကိုယ်ကိုယ်တိုင်ရှာပြီး ခေါ်တင်ထားခဲ့တဲ့ သမီးချွေးမက မောင်းချလို့ဆင်းရပြီလေ။

ဘယ်လောက်များ ရင်ထဲမှာ နင့်နေအောင် ခံစားရရှာမလဲ၊ နောက်အရပ်တကာ ဘေးတကာတွေကို ကြားလောက်အောင် ရင်ဘတ်စည်တီး ငိုပြီးပြဖို့ဆိုတာ ဘယ်ဖြစ်နိုင်မလဲ၊ ကိုယ့်သားမျက်နှာက ရှိသေးတာကိုး။ အခုဆိုရင်သားလေးက အရွယ်ရောက်လို့ အရပ်ထဲရွာထဲမှာ လူကြီးလူကောင်းလို့ အများကသတ်မှတ်ထားကြပြီလေ။ အခေါ်ခံထားရပြီလေ။

မသိမသာ တိုးတိုးတိတ်တိတ်ပဲ ဆင်းသွားတာ ကောင်းပါတယ်၊ ငိုနေတာတောင် အသံတိတ်နဲ့ပဲ ငိုတာက ကောင်းပါတယ်တဲ့။

အဝတ်တစ်ထည်၊ ကိုယ်တစ်ခုဆိုသလိုပဲ ဝတ်လက်စအဝတ်တစ်စုံရယ်၊ နောက်ပြီး အဟောင်းတစ်စုံကို ပဝါပိုင်းလေးနဲ့ ထုပ်ချည်လို့ မျက်နှာသုတ်ပဝါအဟောင်းလေးကို ပခုံးပေါ်တင် အထုပ်လေးတတောင်နဲ့ချိတ်လို့ ဒီလက်နဲ့ပဲ တောင်ဝှေးကို ကိုင်ပြီး တဒေါက်ဒေါက် အသံမမြည်အောင် ထောက်ပြီး ဆင်းခဲ့ရတာပေါ့။

ဘယ်ဘက် လက်ထဲမှာတော့ သပေ့ါဖျာ အခင်းအလိပ်လေးတစ်ခုလိပ်ပြီး ပွေ့ထား၊ ကိုင်ထားရတယ်လေ၊ ဖိနပ်ကလည်းအဟောင်း၊ အမြီးတိုအသားဖိနပ် ခုံဖိနပ်ပေါ့။

ဟော အိမ်ပေါ်က ဆင်းလာလိုက်တာ ခြံပေါက်ဝရောက်မှ အိမ်ဘက်တစ်ခါပြန်ပြီး လှည့်ကြည့်နေလိုက်သေးတယ်။ ဘာတွေများ ယူစရာကျန်နေသေးလို့လဲ။ မဟုတ်ပါဘူးတဲ့၊ ဒါဖြင့် ကိုယ့်အိမ်ကိုယ့်ရာကိုမက်ပြီး နှမြောလွန်းလို့ တစ်ခေါက်လှည့်ပြီး အဝကြည့်နေတာလားပေါ့။ ဒါလည်း မဟုတ်ပါဘူးတဲ့။ ဒါဖြင့် ဘာဖြစ်လို့ လှည့်ကြည့်တာလဲဆိုတော့ သားတွေ သမီးတွေ အမေအိမ်က ဆင်းခဲ့လို့ မျက်နှာမသာမယာ စိတ်မကောင်းတာတွေဖြစ်နေခဲ့ရင် "သားတို့သမီးတို့ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နေကြနော်၊ အမေက နေတတ်ပါတယ်ကွယ်၊ အမေ့အတွက် ဘာမှမပူနဲ့"လို့ မျက်နှာကလေးပြုံးပြီး သားတွေ သမီးတွေ စိတ်အေးအောင် ပြောပြချင်လို့ပါတဲ့၊ အံ့ရော အံ့ရော။

မိဘမေတ္တာဆိုတာ အဲဒီလိုပါပဲလို့ ပြောရုံနဲ့တင် မပြည့်စုံနိုင်ပါဘူး။

အခုလည်းကြည့်လေ အိမ်ပေါ်ကဆင်း ရွာထဲရောက် ဘယ်ဆွေဘယ်မျိုးအိမ်မှမသွားပါဘူး၊ သွားရင် မေးကြမယ်၊ မေးကြရင် ပြောရမယ်၊ အဲဒီလိုပြောရင် သားတွေ သမီးတွေ အထင်သေးခံရမှာ စိုးရိမ်လို့တဲ့။ ဘယ်အိမ်မှမသွားပါဘူး။

ရွာက ရွာတန်းရှည်ကြီးဆိုတော့ သားတို့အိမ် ရွာတောင်ပိုင်းနဲ့ဝေးရာ၊ ဟိုး ရွာမြောက်ပိုင်းကိုသွားခဲ့ပါတယ်၊ ရွာမြောက်ပိုင်းက သူဌေးကြီးတစ်ယောက်ရဲ့အိမ်မှာ အခွင့်တောင်းပြီး နေရှာတာပေါ့။

ဒီသူဌေးတွေက သူတို့အဖေရှိစဉ်တုန်းကတော့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေကြီးတွေပေါ့။ ကောင်းရှာကြပါတယ်။ အခုလို နေခွင့်ပေးတာကိုက ကျေးဇူးကြီးလှပါပြီ။ (ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ အသံတိတ်နဲ့ ကျိတ်ငိုသည်စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၃)

ဦးမင်းဟန်(ဘီအေ)

"မောင်ထူးရေ"

"ခင်ဗျာ- ဘိုးလေး။ ပြောပါခင်ဗျာ"

"ဟဲ့-မောင်ထူးတစ်ယောက် ယဉ်ကျေးနေပါလား"

"ဩော်ဟယ်၊ ပူစူးမရယ် နင်ပြောမှပဲ ငါက အရင်တုန်းက အရိုင်းအစိုင်းကျနေတာပဲ"

"ဒီလိုပါ မောင်ထူးရာ ဒီနေ့မှ မင်းက ပိုပြီး ယဉ်ကျေးသိမ်မွေ့နေတယ်လို့ ပူစူးမက ဆိုလိုတာနေမှာပါ"

ဘိုးလေးကြွက်အိမ်ရှေ့ရှိ ကုက္ကိုပင်ကြီးအောက်တွင် ထိုင်နေကြသော မောင်ထူး၊ ကိုဦးနှင့်ပူစူးမတို့အပြန်အလှန်ပြောနေကြသည်များကို ဘိုးလေးကြွက်က နားစွင့်ကာ ပြုံးနေရင်း ဝင်ပြောလိုက်သည်။

"မောင်ထူးရေ မြေးက ဘိုးလေးခေါ်တာကို အခုလိုကို ရည်ရည်မွန်မွန်နဲ့ ပြန်ပြောတာကြားရလို့ ကျက်သရေရှိလိုက်တာကွယ်၊ နားဝင်ကို ချိုအီသွားတာပဲ။ ပူစူးမတို့ ကိုဦးတို့ကလည်း မြေးရဲ့အပြောအဆိုကို ချီးကျူးကြတာနေမှာပါ"

ဘိုးလေးကြွက်၏စကားကိုကြားလိုက်ရမှ မောင်ထူးတစ်ယောက်ပြုံးနိုင်ရယ်နိုင်ဖြစ်သွားတော့သည်။

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးလည်း ဘိုးလေးရဲ့ သွန်သင်ဆုံးမမှုတွေကြောင့် အိမ်မှာရော၊ ကျောင်းမှာရော ရပ်ထဲရွာထဲမှာပါ အပြောအဆိုတွေကို သတိလေးကပ်ပြီး ပြောဆိုဆက်ဆံတတ်လာတာပေါ့"

"ဟုတ်ပါတယ်၊ မောင်ထူးစကားကို မြေးတို့ထောက်ခံပါတယ်။ အရင်ကထက် စာရင် မြေးတို့လည်း ပိုပြီးယဉ်ကျေးသိမ်မွေ့လာတာတော့ အမှန်ပါပဲ။ ဘိုးလေးကိုလည်း ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးကွယ်။ မြေးတို့က ဘိုးလေးသွန်သင်တာတွေကို လိုက်နာကျင့်ဆောင်ကြလို့ ဘိုးလေးက ဝမ်းသာနေတာပါ။ ကျောင်းတွေမှာ စာသင်ခန်းအတွင်းမှာ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်အောင် စာသင်ခန်းဆိုင်ရာယဉ်ကျေးမှုနဲ့ ဆက်နွှယ်တာလေးတွေ ပြောဖြစ်နေရတာကိုက ဘိုးလေးအားရှိတယ်။ မြေးတို့တွေ ကျောင်းမှာရော စာသင်ခန်းအတွင်းမှာပါ ဆရာ ဆရာမတွေနဲ့ ပြောဆိုဆက်ဆံကြတဲ့အခါ အခုလို ယဉ်ကျေးသိမ်မွေ့မှုရှိလာတယ်၊ ဒီထက်မက ပိုမိုပြီးတော့ ယဉ်ကျေးလာကြမယ်၊ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေကို ရိုသေလေးစားမှု ပိုရှိလာကြမယ်ဆိုရင် မြေးတို့ကျောင်းသား ကျောင်းသူတွေအတွက် အများကြီးအကျိုးရှိတယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ အထူး ဂရုစိုက်ပြီး ပြောဆိုဆက်ဆံပ့ါမယ်"

"မြေးတို့က ယဉ်ကျေးလိမ္မာကြပါတယ်။ မြေးတို့နှစ်ယောက်၊ သုံးယောက်က စာသင်ခန်းထဲမှာ ဆရာ ဆရာမတွေကို ရိုသေလေးစားမယ်၊ ပေးအပ်တဲ့သင်ခန်းစာတွေကို လိုက်နာမှတ်သားကျက်မှတ်ကြမယ်၊ ဆရာ ဆရာမတွေရဲ့ သွန်သင်ဆုံးမတာတွေကိုလည်း တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်ကြမယ်၊ စာသင်ခန်းစည်းကမ်းတွေကိုလည်း လိုက်နာကြမယ်ဆိုရင် ကျန်တဲ့ကျောင်းသား ကျောင်းသူတွေကလည်း အလိုလိုသိရှိလာကြပြီး စည်းကမ်းလိုက်နာမှုတွေ၊ စာကြိုးစားမှုတွေ၊ ပိုမိုပြီးယဉ်ကျေးတဲ့၊ လိမ္မာတဲ့၊ ကောင်းမွန်တဲ့ ယဉ်ကျေးမှုတွေ ကူးစက်လာမှာပါပဲ။ ဒီလို ပြောလိုက်လို့ အခြား ကျောင်းသား ကျောင်းသူတွေက မယဉ်ကျေးဘူး၊ မလိမ္မာဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်။ အားလုံးကတော့ လိမ္မာယဉ်ကျေးပြီးသားတွေပါပဲ။ ဒါပေမဲ့ သတိမမူမိတာလေးတွေ ရှိတတ်လို့ မြေးတို့တစ်တွေက ပိုပြီးဂရုတစိုက်နဲ့ ရှေ့ဆောင်လမ်းပြသဘောမျိုး လုပ်ပေးစေချင်လို့ ဘိုးလေးကပြောတာ။ ဆရာ ဆရာမတွေဆိုတာ မိဘနဲ့ တစ်ဂိုဏ်းတည်းရှိပြီး အနန္တဂိုဏ်းဝင်ပုဂ္ဂိုလ်တွေဖြစ်တယ် ဆိုတာကို အမြဲတမ်း နှလုံးသွင်းထားရမယ်နော်"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မှတ်သားထားပ့ါမယ်"

"ကျောင်းစာသင်ခန်း အတွင်းမှာလည်း စာအုပ်ဖွင့်တဲ့အခါ တံတွေးဆွတ်ပြီး မဖွင့်ရဘူး၊ စာအုပ်ရဲ့ စာရွက်ထောင့်ကနေ ဖွင့်ရမယ်၊ စာရွက်တွေကို လှန်တဲ့အခါမှာလည်းတစ်ရွက်ချင်းကို စာရွက်ထောင့်ကနေ ဂရုစိုက်ပြီး လှန်ရမယ်ကွယ့်။ အဲဒီလိုမှမဟုတ်ရင် စာရွက်တွေ ညစ်ပေပျက်စီးတတ်တယ်။ စာရွက်အနားတွေ တွန့်လိမ်ပြီး ဆုတ်ပြဲတတ်တယ်"

ဘိုးလေးကြွက်က စာအုပ်ဖွင့်သည့်နမူနာ၊ စာရွက်လှန်သည့်နမူနာတို့ကို စနစ်တကျဖြစ်စေရန် လက်တွေ့လုပ်ဆောင်ပြသရာ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးတို့က တစ်ယောက်တစ်လှည့်စီဖြင့် စာအုပ်ကိုစနစ်တကျဖွင့်လှစ်မှု၊ စာရွက်များ စနစ်တကျလှန်လှောမှုတို့ကို လက်တွေ့လုပ်ဆောင်ကြလေသည်။

"ဒီလိုကိစ္စလေးတွေက အမြင်မှာ လွယ်ကူတယ်ဆိုပေမယ့် များသောအားဖြင့်က အလွယ်တကူစာအုပ်ကို ဖွင့်တဲ့အခါ တံတွေးဆွတ်ပြီးဖွင့်ကြတာတွေ ရှိနေသေးတယ်မဟုတ်လား။ သတိမမူမိတာပေါ့ကွယ်။ ငယ်စဉ်က စနစ်တကျ သွန်သင်ပြသမယ့်သူတွေနဲ့ မတွေ့ခဲ့ကြတာလည်းပါမှာပေါ့။ စာရွက်တစ်ရွက်ချင်း လှန်လှောတာကလည်း ပညာသားပါတာပါပဲ။ နို့မဟုတ်ရင် စာရွက်ထောင့်တွေ တွန့်လိပ်ခေါက်ကွေးနေတာတွေ မြေးတို့တွေလည်း မြင်နေကြတာပဲ မဟုတ်လား။ ငယ်ရွယ်စဉ်ကလေးဘဝကတည်းက ဒီလို ကောင်းမွန်တဲ့ အသိလေးတွေရလာရင် အကောင်းဆုံးပေါ့ကွယ်။ မြေးတို့ကလည်း ပြန်လည်လက်ဆင့်ကမ်းပြသပေးလို့ရတာပေါ့"

"ဟုတ်ကဲ့ပါ ဘိုးလေး၊ မြေးတို့ လိုက်နာလုပ်ဆောင်ပ့ါမယ်"

"အေးကွယ်၊ သာဓုပါ။ သာဓု၊ သာဓု မြေးတို့တွေ လိမ္မာယဉ်ကျေးကြပါပေတယ်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ သုံးဦးသား စာသင်ခန်းယဉ်ကျေးမှုတစ်ခုအဖြစ် ဘိုလေးကြွက် လုပ်ဆောင်ပြသသည့် စာအုပ်ဖွင့်နည်း၊ စာရွက်လှန်နည်းတို့ကို တစ်ဦးချင်း အပြန်အလှန်လေ့ကျင့်နေကြလေတော့သည်။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**ဒါနပါရမီ**

**ဒါနပြုကချမ်းသာရ(၂)**

"သူဌေးမင်းခင်ဗျား ကျွန်တော်မျိုး ပြုသမျှကုသိုလ်အတွက် အမျှပေးဝေပါတယ်။ အမျှ...ခင်ဗျာ၊ အမျှ...အမျှ"

အန္နဘာရသည် ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်ထံသို့ အပြေးလိုက်သွားပြီး ကုသိုလ်မျှဝေပေးရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး အပြေးပြန်ရောက်လာကာ သုမနသူဌေးကို အမျှပေးဝေလိုက်သည်။

"သာဓုကွာ သာဓု၊ သာဓု"

သုမနသူဌေးက အလှူကိုမျှဝေပေးမှုအတွက် ရ၊ မရ ကိစ္စနှင့်ပတ်သက်၍ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်က အန္နဘာရ၏မေးလျှောက်မှုကို ပြန်လည်မိန့်ကြားရာတွင် မျှဝေပေးနိုင်ပါကြောင်း၊ ထိုအလှူအတွက် မျှဝေပေးမှုက လှူသည့်အတိုင်း အကျိုးရရှိပါကြောင်း ပြန်လည်ပြောကြားသည်။

"ကုသိုလ်က မျှဝေလို့ရပါတယ်။ ရဟန်းတစ်ပါးကို ဆွမ်းတစ်ပန်းကန်လှူလိုက်ပြီး ဒီကုသိုလ်အတွက် လူတစ်ရာကို အမျှပေးဝေရင် ဆွမ်းပန်းကန်တစ်ရာလှူတဲ့အတိုင်း အကျိုးရပါတယ်။ ဗုဒ္ဓအရှင်သူမြတ်က ဥပမာပေးပြီး မိန့်သွားပါသေးတယ်။ ညချမ်းအချိန် သင့်အိမ်မှာ ဆီမီးထွန်းတာကို တခြားသူတွေက မီးစာဖြင့်လာကူးရင် သင့်ဆီကမီးလည်း အလင်းအားလျော့မသွားသလို တခြားအိမ်မှာလည်း သင့်နည်းတူ မီးအလင်းရောင်ရစေတာဖြစ်လို့ ကုသိုလ်ကို အမျှဝေမှုကြောင့် လျော့ပါးခြင်းမရှိဘဲ တိုးပွားတဲ့ သဘာဝရှိပါတယ်"ဟု ဗုဒ္ဓအရှင်သူမြတ်က မိန့်ကြားခဲ့သည်များကို အန္နဘာရက သုမနသူဌေးအား ပြန်လည်ပြောပြလိုက်ရာ သူဌေးက ဝမ်းသာအားရဖြစ်သွားရသည်။

"ဝမ်းသာလိုက်တာ မောင်ရင်ရာ၊ ရော့ ရော့ အသပြာတစ်ထောင်၊ မောင်ရင့်အတွက်ပါ"

"ကျွန်တော်မယူပါရစေနဲ့ သူဌေးရယ်၊ မယူပါဘူး"

"စေတနာနဲ့ပေးတာကို ယူပါကွယ်။ မောင်ရင်ရဲ့ သဒ္ဓါတရားကောင်းမှုအတွက် ချီးမြှင့်တာ၊ ဂုဏ်ပြုတာပါ။ ဒီနေ့ကစပြီး မောင်ရင်ဟာ ငါ့ရဲ့ မိတ်ဆွေဖြစ်သွားပြီ။ အိမ်အမှုလုပ်စရာလည်း မလိုတော့ဘူး။ ဒီငွေတစ်ထောင်နဲ့ ကြီးပွားအောင်လုပ်ပြီး ကုသိုလ်ကောင်းမှုပြုပေတော့၊ မောင်ရင် ကြီးပွားလာမှာပါ"

ယင်းနေ့ ညချမ်းအချိန်ရောက်တဲ့ အခါ မင်းကြီးထံသို့ သုမနသူဌေးညီလာခံဝင်ရလေ့ရှိသည့်အတွက် မင်းကြီးထံသို့ ဝင်ရောက်ချိန်မှာ အန္နဘာရကိုအဖော်ပြုခေါ်ဆောင်သွားလေသည်။

"အချင်းသူဌေး ဒီနေ့မှာ အဖော်သစ်ပါလာသလားလို့၊ ခါတိုင်းလာတာ အဖော်ပါမလာပါဘူး"

မင်းကြီးက အဖော်ခေါ်လာမှုအား သတိထားမိကြောင်း မိန့်ကြားလေရာ သုမနသူဌေးကလည်း အန္နဘာရကို မင်းကြီးနှင့် မိတ်ဆက်ပေးသည်။

"သူဟာ အန္နဘာရပါ မင်းကြီး၊ ထူးခြားတဲ့ပါရမီရှင်ပါ၊ ယခုတော့ ကျွန်တော်မျိုးရဲ့ မိတ်ဆွေပါ"

"ပါရမီရှင် ဟုတ်လား"

"မှန်ပါတယ်မင်းကြီး၊ အန္နဘာရဟာ ကျွန်တော်မျိုးအိမ်က အမှုလုပ်ပါ။ ထူးမြတ်တဲ့သဒ္ဓါစိတ်ရှိလို့ ဒီနေ့ပဲ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကို သူစားဖို့ရထားတဲ့ကိုယ်တာ ဆွမ်းတစ်ပန်းကန် လှူဒါန်းလိုက်ပါတယ်။ သူ့ရဲ့ ထူးခြားတဲ့ သဒ္ဓါတရားကြောင့် ကျွန်တော်မျိုးအိမ်ကို စောင့်တဲ့ ထီးချက်စောင့်နတ်သမီးက သာဓုခေါ်ခဲ့ပါတယ်အရှင်"

"နတ်သမီးကတောင် သာဓုခေါ်ဆိုတယ်လား"

"မှန်လှပါ အရှင်မင်းကြီး၊ အန္နဘာရဟာ စေတနာသဒ္ဓါစိတ်ပြတ်သားပြီး အလှူအပေါ်မှာလည်း အာသီသပြတ်ရာမှာ ထူးခြားပါတယ်။ ဆွမ်းတစ်ပန်းကန်လှူတဲ့ သူ့အလှူကို ကျွန်တော်မျိုးက အသပြာတစ်ထောင် ပေးဝယ်တာကို မရောင်းဘူး။ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကို မေးလျှောက်ပြီးချိန်မှာတော့ ကုသိုလ်အဖို့ကို အခမဲ့မျှဝေပေးပါတယ်။ သူ့ရဲ့ စေတနာကို တုံ့ပြန်ပူဇော်တဲ့အနေနဲ့ အသပြာတစ်ထောင်ချီးမြှင့်ပြီး အိမ်ကျွန်အဖြစ်က ကင်းလွတ်ခွင့်ပေးခဲ့ပါတယ်"

သုမနသူဌေးက ဖြစ်ကြောင်းကုန်စင်ပြောပြလေရာ မင်းကြီးကလည်း အသပြာတစ်ထောင်ထပ်မံချီးမြှင့်ပြီး သူဌေးအရာခစားစေလိုက်တော့သည်။ ထို့အပြင် သူဌေးအရာနှင့် သင့်လျော်သည့် အိမ်ဆောက်နေရန် မင်းကြီးက မြေတစ်ကွက်ပေးအပ်ရာ ထိုမြေကို အိမ်ဆောက်ရန် မြေတူးဖော်ရာတွင် နှုတ်ခမ်းချင်းထိစပ်နေသည့် ရွှေအိုးများကို မြေကွက်အပြည့်တွေ့ရှိရသည်။

မြေမှာဖြစ်တဲ့ ဥစ္စာပစ္စည်းဟာ မြေရှင်ဥစ္စာဖြစ်လို့ ငါပိုင်ဆိုင်ကြောင်း မင်းကြီးက ပြောသည့်အခါ ရွှေအိုးများပျောက်ကွယ်သွားသဖြင့် အန္နဘာရ၏ ဥစ္စာပစ္စည်းဟု ပြောမှသာ အလွယ်တကူ ပြန်လည်တွေ့ရှိကာ တူးဖော်ရရှိသဖြင့် ဘုရင်မင်းမြတ်က သူဌေးကြီးဘွဲ့ ထူးဖြင့် ချီးမြှင့်မြှောက်စားခဲ့လေသည်။

သို့ဖြစ်သောကြောင့် ဒါနပါရမီ ရှင်သန်မှုကြောင့် ထင်းခွေ၊ မြက်ထမ်း အိမ်အမှုလုပ်ဘဝမှ ဆွမ်းအလှူ တစ်နပ်စာအကျိုးဖြင့် သုခချမ်းသာရရှိခဲ့သည့် သတိတရားရရှိရန် အသိပေးသောတန်ဖိုးရှိသည့် နိပါတ်တော်လာ ပုံဝတ္ထုပင်ဖြစ်ပေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမင်္ဂလာ

**မူးယစ်သောက်စားမှုမှရှောင်ကြဉ်ရမယ်**

**မဇ္ဇပါနာစသံယမော။**

"အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှရှောင်ကြဉ်ခြင်း၊ မူးယစ်သောက်စားခြင်းမှဝေးစွာရှောင်ကြဉ်ရမယ်"လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။




၃၈-ဖြာမင်္ဂလာကဗျာတွေရဲ့ ဆဋ္ဌမမြောက်ကဗျာဖြစ်တဲ့ "ရှောင်ကြဉ်ရေးမင်္ဂလာလေးပါးထဲက နံပါတ်သုံး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာမှတ်သားကြရမယ့် မင်္ဂလာတရားတွေပဲပေါ့။

ဟိုး..ရှေးရှေးတုန်းက...။ ဗာရာဏသီပြည်မှာ သဗ္ဗမိတ္တမင်းကြီး စိုးစံစဉ်အချိန်ကာလကဖြစ်တယ်။

"အလို- ငှက်တွေ ဟစ်အော်မြူးထူးပျော်ပါးနေကြပါကလား။ ဟင်- မြေပြင်ထက်ကိုလည်း အသေကဲ့သို့ ကျလာတာတွေလည်းရှိရဲ့၊ သေဆုံးလို့လားလို့ စောင့်ကြည့်ပြန်တော့လည်း တစ်ခဏအကြာမှာ ထပျံသွားကြသေးတယ်။ ထူးဆန်းလှပေစွ၊ အင်းလေ စူးစမ်းစပ်စုဦးမှပါပဲ"

ဟိမဝန္တာတောသို့ အမဲလိုက်ရန်သွားတဲ့ ကာသိတိုင်းသားမုဆိုးတစ်ယောက်က တောင်ခြေတစ်ခုအရောက်မှာ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် အံ့အားသင့်ကာ တီးတိုးရေရွတ်လိုက်တာဖြစ်တယ်။

"ကဲ- ဒီတော့ သစ်ပင်ပေါ်တက်ကြည့်မှပဲ သိရတော့မပေါ့" မုဆိုးဟာ ငှက်အပေါင်းပျော်မြူးဟစ်ကြွေးရာ သစ်ပင်ပေါ်သို့ ပြောပြောဆိုဆိုတက်ရောက်ကာ စူးစမ်းကြည့်လိုက်တဲ့အခါ သစ်ပင်ခွကြားမှာ ထူးခြားမှုကိုတွေ့ရှိရတော့တယ်။

သစ်ခွထဲတွင် မိုးတွင်းမှာ မိုးရေခိုအောင်းနေပြီး ဆီးဖြူ၊ သျှိသျှား၊ သဖန်းခါးသီးတို့နဲ့ သလေးစပါးတို့ကို ငှက်အပေါင်းက ယူဆောင်စားသုံးရာမှ စားကြွင်းစားကျန်တွေက သစ်ခွထဲကျရောက်တဲ့အတွက် နွေရာသီရောက်တဲ့အခါ ဆူးပေါက်ကာ သေရည်အရက်ဖြစ်နေကြောင်းကို မုဆိုးကြီးသိလိုက်ရတာပေါ့ကွယ်။

မုဆိုးကလည်း စမ်းသပ်သောက်သုံးကြည့်လေတယ်။

သောက်ပါများတော့ ယစ်မူးလာကာ သစ်ပင်အောက်မှာ မူးမေ့ရီဝေလဲကျနေတဲ့ ငှက်တို့ကို သတ်ကာ မီးကင်စားသောက်ပြီး ထပ်မံသောက်သုံးလို့ မူးယစ်ရီဝေလာချိန် သစ်ပင်အောက်မှာပဲ အိပ်ပျော်သွားတော့သတဲ့။

"ဒီအတိုင်းဆိုရင်တော့ သဘာဝသေရည်ကို ပစ္စန္တရာဇ်မင်းကိုဆက်သရင် ဆုလာဘ်တွေရနိုင်တာပဲ"

မုဆိုးဟာ မင်းကိုဆက်သဖို့ အတွေးပေါက်လာလို့ သဘာဝသေရည်ကို ဝါးကျည်တောက်နဲ့ သယ်ယူကာ ပစ္စန္တရာဇ်မင်းထံ ဆက်သတာပေါ့ကွယ်။ သေရည်ကို နှစ်သက်ကြတဲ့အတွက် တစ်မြို့လုံးက သေရည်အရက်ကို သောက်သုံးလာကြတော့တယ်။

အဲဒီနောက်ပိုင်း ဗာရာဏသီမင်းကြီးထံသို့ပင် သွားရောက်ဆက်သပြန်လေတယ်။

အဲဒါကြောင့် တောမှာရှိတဲ့ သဘာဝသေရည်တွေ ကုန်သွားရတော့တာပေါ့ကွယ်။ သေရည်မှာပါဝင်တဲ့ ပစ္စည်းအမည်တွေကိုမှတ်သားပြီး အိုးကြီးအိုးငယ်တွေနဲ့ အရက်ချက်ကြလေတော့တယ်။ အဲဒီအချိန်ကစလို့ သေရည်အရက်ကို "သူရာ ဒါမှမဟုတ် ကရုဏာ" လို့ ခေါ်တွင်လာကြတယ်။

"သေရည်သောက်သဘင် ကျင်းပတော်မူမယ်"

မင်းကြီးက တစ်မြို့လုံးကိုမောင်းခတ်ကြေညာစေလိုက်တယ်။ ကြီးကျယ်တဲ့ မဏ္ဍပ်ပြုလုပ်ကာ သေရည်အိုးတွေကို ခင်းကျင်းထားလေတယ်။ မင်းကြီးက သေရည်တွေကို ကြွက်တွေဝင်သောက်မှာ စိုးရိမ်ကာ သေရည်အိုးတွေအနီးမှာ ကြောင်တွေကို ချည်နှောင်ထားရှိတာပေါ့။ သေရည်အိုးတွေဆီကနေ အမြှုပ်တွေဝေကျတာကို ကြောင်တွေကတွေ့တဲ့အခါ မြည်းစမ်းသောက်သုံးမိကြလို့ မူးယစ်ရီဝေပြီး အသေကောင်ကဲ့သို့ အိပ်ပျော်နေကြတော့တယ်။

အိပ်ပျော်နေတဲ့ကြောင်တွေရဲ့ နားရွက်နဲ့အမြီးတို့ကို ကြွက်တွေက လာရောက်ကိုက်ဖြတ်စားကြတော့တာပေါ့။ အဲဒီမြင်ကွင်းကို တာဝန်ရှိအမတ်တို့ မြင်တွေ့ကြတဲ့အခါ အိုးတွေထဲက သေရည်တွေ မဟုတ်ဘဲ အဆိပ်ရည်တွေဖြစ်နေပါကြောင်း မင်းကြီးကို လျှောက်တင်လိုက်ကြတယ်။ အဲဒါကြောင့် မုဆိုးနဲ့အဖွဲ့လည်း သေမိန့်ပေးခံရကာ အသတ်ခံရလေတယ်။

နောက်မကြာမီမှာပဲ ကြောင်တွေဟာ အမူးပြယ်ပြီး ပြန်နိုးလာကြတာကြောင့် အိုးတွေထဲက အဆိပ်မဟုတ်ဘဲ သေရည်အရက်တွေဖြစ်ကြောင်း သိရလို့ သောက်သုံးကြဖို့ ပြင်ဆင်ကြတော့တာပေါ့ကွယ်။ အဲဒီအချိန်မှာ လောကကြီးပျက်စီးတော့မယ့် လက္ခဏာကိုသိမြင်တော်မူတဲ့ သိကြားမင်းက သေရည်မဏ္ဍပ်ဆီသို့ လာရောက်ဆုံးမ အလင်းပြကာ သေရည်အရက်အိုးတွေကို ရိုက်ခွဲပစ်လိုက်သတဲ့။

"လောကအလုံးစုံကိုဖျက်ဆီးတတ်တဲ့ သေရည်အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ကြလော့" သိကြားမင်းက ဆုံးမစကားမြွက်ကြားပြီး နတ်ပြည်သို့ ပြန်လေတော့တယ်။ မင်းကြီးနဲ့တကွ တိုင်းသူပြည်သားတွေလည်း သေရည်အရက်ကို ရှောင်ကြဉ်ကြတဲ့အတွက် ချမ်းသာသုခကို ရရှိလာကြကာ အေးချမ်းပျော်ရွှင်စွာ နေထိုင်သွားကြတော့သတဲ့ကွယ်။

မဇ္ဇပါနာစသံယမော။

"အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်သောက်စားခြင်းမှဝေးစွာရှောင်ကြဉ်ရမယ်"လို့ မြန်မာလိုအဓိပ္ပာယ်ဖော်ဆောင်တဲ့ နိပါတ်တော်လာမှတ်သားစရာ ပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက် သာမက လူတိုင်းလူတိုင်းအသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် "ရှောင်ကြဉ်ရေးမင်္ဂလာ" နည်းနာတွေပေါ့ကွယ်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၅၁၂၆ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၁၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၆၈,၄၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၈၅၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၇၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၇၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၅၀၀) ခု | (၁၁) ဦး |
| စုစုပေါင်း | (၅,၁၂၆) ခု | (၁၇) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၁၄၂၉၄၀၉ | ၈၆၇၅၂၅၆၉ | ၁၀၄၉၇၂၄ |
| ၂။ | အိန္ဒိယ | ၄၃၇၈၃၀၆၂ | ၄၃၁၁၃၆၂၃ | ၅၂၅၇၈၅ |
| ၃။ | ဘရာဇီး | ၃၃၃၃၉၈၁၅ | ၃၁၆၄၀၇၇၁ | ၆၇၅၅၅၁ |
| ၄။ | ပြင်သစ် | ၃၃၀၃၄၃၁၁ | ၃၀၆၇၄၉၅၄ | ၁၅၀၈၃၅ |
| ၅။ | ဂျာမနီ | ၂၉၈၅၃၆၈၀ | ၂၇၉၀၆၅၀၀ | ၁၄၂၆၃၅ |
| ၆။ | ဗြိတိန် | ၂၃၀၇၅၃၆၀ | ၂၂၃၉၆၇၆၁ | ၁၈၁၅၈၀ |
| ၇။ | အီတလီ | ၂၀၁၇၇၉၁၀ | ၁၈၅၅၃၄၇၈ | ၁၇၀၀၃၇ |
| ၈။ | တောင်ကိုရီးယား | ၁၈၈၆၁၅၉၃ | ၁၈၃၄၄၁၀၄ | ၂၄၇၆၅ |
| ၉။ | ရုရှား | ၁၈၄၉၉၀၄၄ | ၁၇၉၁၅၅၂၆ | ၃၈၁၉၆၀ |
| ၁၀။ | တူကီယဲ | ၁၅၂၉၇၅၃၉ | ၁၅၀၉၆၇၇၄ | ၉၉၀၈၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၂၅၃၂ | ၉၈၂၃၅၇၄ | ၄၃၀၉၁ |
| ၂။ | အင်ဒိုနီးရှား | ၆၁၄၃၄၃၁ | ၅၉၅၅၅၇၇ | ၁၅၆၈၆၅ |
| ၃။ | မလေးရှား | ၄၆၂၆၀၆၁ | ၄၅၄၈၀၁၄ | ၃၅၈၆၂ |
| ၄။ | ထိုင်း | ၄၅၆၂၉၆၈ | ၄၅၀၉၅၉၆ | ၃၁၀၃၄ |
| ၅။ | ဖိလစ်ပိုင် | ၃၇၃၇၂၂၂ | ၃၆၅၆၀၇၀ | ၆၀၆၄၁ |
| ၆။ | စင်ကာပူ | ၁၆၀၂၂၇၃ | ၁၅၀၅၂၄၁ | ၁၄၅၇ |
| ၇။ | မြန်မာ | ၆၁၃၈၅၅ | ၅၉၂၇၅၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၅၉၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၈၈၂၁၉ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၄၉၉ | ၁၃၃၃၁၉ | ၃၀၅၆ |

## တောင်ကြီးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

တောင်ကြီး ဇူလိုင် ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကာကွယ်တားဆီးနိုင်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို ယမန်နေ့ နံနက် ၉ နာရီက စတင်ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မြို့မရပ်ကွက်ရှိ လူမှုဝန်ထမ်း မူလတန်းကြိုကျောင်းတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရေးမြို့နယ်၌ လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ



ရေး ဇူလိုင် ၁၉

သမဝါယမအသင်းဆိုင်လုပ်ငန်းများ အောင်မြင်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ရေးမြို့နယ် သမဝါယမအသင်းစုလီမိတက်သည် ချေးငွေလုပ်ငန်းအပြင် အသင်းစု၏ ကုန်ပဒေသာဆိုင်မှ လူသုံး၊ အိမ်သုံးနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းများကို အသင်းသားပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန်အတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ဒေါ်ရေနံ့သာခင်ခင်ကြီး အံကိုတင်းတင်းကြိတ်မိပြန်ချေသည်။ သေနတ်ဖြင့် ကိုမောင်မောင်ဦး၏ ကျောပြင်ကို ချိန်လိုက်သည်။ သူ၏လက်မှာ တဆတ်ဆတ်တုန်နေကြောင်း တွေ့ရသည်။ ရင်မှာလည်း တထိတ်ထိတ် ခုန်ရလွန်းပါဘိတော့သည်။

သည်စဉ်တွင် ကိုမောင်မောင်ဦးထံမှ အသံကို ကြားရသည်။

"မင်းရဲ့ သေနတ်ကျည်ဆန်တွေ ကိုယ့်အသည်းနှလုံးထဲ ဖောက်ဝင်လာမယ့်အချိန်ကို စောင့်နေပါတယ် ညီမ။ သေရမှာမကြောက်ဘူးဆိုတာ တကယ်ပြောတာပါ။ အထူးသဖြင့် မင်းသတ်လို့ သေရမှာကို ဂုဏ်ယူပါတယ်။ မင်းရဲ့လက်နဲ့ အသတ်ခံရမှာကို ကျေနပ်ပါတယ်။ ပစ်လိုက်စမ်းပါ"

သို့တိုင်အောင် သေနတ်သံ ထွက်မလာသေး။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် စောစောက မိုးမိခဲ့ပါလျက်၊ ချမ်းစိမ့်အေးမြနေခဲ့ပါလျက် ယခုအခါ တစ်ကိုယ်လုံး ပူထူနေသည်။ ချွေးသီးချွေးပေါက်များ စို့နေသည်။ သေနတ်ကိုင်ထားသော လက်တို့သာမက တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

ကိုမောင်မောင်ဦးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးဘက်သို့ လှည့်လိုက်သည်။ သူ၏မျက်နှာမှာ အောင်နိုင်မှုရသော စစ်သူကြီးတစ်ဦးအသွင်ရှိသည်။ ပြုံးနေသည်။ သူက အသံထွက်အောင် ရယ်မောလိုက်သည်။

"ဒါကြောင့် ကိုယ်ပြောတာပေ့ါ ညီမ။ အဓိပ္ပာယ်မရှိတာတွေ မလုပ်ချင်စမ်းပါနဲ့လို့ ဒါကြောင့်ပြောတာပေ့ါ။ မင်းလိုမိန်းမသားတစ်ယောက်က သွေးအေးအေးနဲ့ လူတစ်ယောက်ကို သတ်ဖို့မပြောနဲ့၊ ကိုယ်တို့လို ယောကျ်ားတစ်ယောက်အဖို့တောင် ဒါမျိုးဟာ မလွယ်ပါဘူးကွယ်။ ကိုင်း မင်းကိုယ့်ကို မသတ်နိုင်ဘူးမဟုတ်လား၊ မသတ်ရက်ဘူးမဟုတ်လား"

ကိုမောင်မောင်ဦးသည် ဒေါ်ရေနံ့သာခင်ခင်ကြီးထံ တိုးလာသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သေနတ်ကိုင်လျက်က ကျောက်ဆစ်ရုပ်တုတစ်ခုလို ငူငူကြီးရပ်နေသည်။

သည်တွင် -

ရုတ်ခြည်းဆိုသလို မျက်စိများ ပြာဝေသွားရလောက်အောင် လျှပ်စီး လင်းပြက်လိုက်သည်။ နေဆယ်စင်းနှင့် မျက်နှာချင်းဆိုင်ရသည်သို့ အလွန်တောက်ပသောရောင်ခြည်ကို မြင်လိုက်ရသည်။ မျက်စိများမှာ တဒင်္ဂမျှ အကန်းပမာ ဖြစ်သွားရသည်။

၎င်းနောက် -

ကမ္ဘာကြီးပြိုပျက်သွားသလို တုန်ဟည်းသံကြီး ပေါ်လာသည်။ နားကွဲရလုခမန်း ဆူညံကျယ်လောင်သော မိုးထစ်ချုန်းသံကို ကြားလိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး ထိတ်လန့်သွားသည်။ တုန်လှုပ်သွားသည်။

သည်စဉ်မှာပင် လက်မှသေနတ်လွှတ်သွားသည်။

သေနတ်သံကို ကြားရသည်ထင်သည်။ ညည်းညူသံတစ်သံကို နားနှင့်ဆတ်ဆတ် ကြားလိုက်ရသည်။

"ကိုမောင်မောင်ဦး"

ဒေါ်ရေနံ့သာခင်ခင်ကြီး အချောက်ချောက်အချားချား ခေါ်လိုက်မိသည်။

မျက်စိမှုပြာဝေခြင်းသည် ရုတ်တရက် ပျောက်ကွယ်မသွား။ စမ်းတဝါးဝါး ဖြစ်နေသည်။ စိုးရိမ်ပူပန်မှုများကို ရင်ထဲမှာ ခံစားရသည်။

ညည်းသံကို ဆက်၍ကြားရသည်။

မျက်လုံးများကို မှိတ်ထားလိုက်သည်။ ပြန်ဖွင့်လိုက်သောအခါ ပြာဝေခြင်းမှ အတန်သက်သာရာရသည်။

သည်တွင်ပင် သူသည် ကိုမောင်မောင်ဦးကို မြင်ရသည်။ ကိုမောင်မောင်ဦးသည် လဲပြိုမသွားစေရန် ကုလားထိုင်ကျောမှီကို အားပြုဖေးကိုင်ထားသည်။ သူ၏မျက်နှာ၌ ဝေဒနာကို ပြင်းထန်စွာခံစားနေရဟန်ရှိသည်။ ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ဖိထားသည်။ မိမိကို အံ့သြထိတ်လန့်သောအသွင်ဖြင့် စိုက်ကြည့်လျက်ရှိကြောင်း တွေ့ရသည်။

သူ၏ ရင်ဘတ်မှာတော့ -

သွေး။ ရဲရဲနီသောသွေး၊ ခြင်းခြင်းနီသောသွေး။

ရှပ်အင်္ကျီမှာ အဖြူရောင်။ သွေးစသွေးနနှင့် သွေးစီးကြောင်းတို့ အဖြူရောင်တွင် ပို၍ထင်းနေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ယမ်းယောင်ကာ အငွေ့ထွက်နေသော သေနတ်ကို တစ်လှည့် ကိုမောင်မောင်ဦးကို တစ်လှည့်ကြည့်ရင်း ကြက်သေသေနေမိလေသည်။

"ညီမ၊ မင်းတကယ် ပစ်ရက်တယ်နော်။ ကိုယ့်အပေါ် တကယ်ရက်စက်နိုင်တယ်နော်"

ကိုမောင်မောင်ဦးထံမှ ဆို့နင့်သော၊ ကြေကွဲသော၊ တိုးညင်းသောအသံ ထွက်ပေါ်လာသည်။

"ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သေနတ်ကိုင်လျက်က ကျောက်ဆစ်ရုပ်တုတစ်ခုလို ငူငူကြီး ရပ်နေသည်။ သည်တွင် ရုတ်ခြည်းဆိုသလို မျက်စိများ ပြာဝေသွားရလောက်အောင် လျှပ်စီး လင်းပြက်လိုက်သည်။ နားကွဲရလုခမန်း ဆူညံကျယ်လောင်သော မိုးထစ်ချုန်းသံကို ကြားလိုက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး ထိတ်လန့်သွားသည်။ တုန်လှုပ်သွားသည်။ သည်စဉ်မှာပင် လက်မှသေနတ် လွှတ်သွားသည်။ သေနတ်သံကို ကြားရသည်ထင်သည်။ ညည်းညူသံတစ်သံကို နားနှင့်ဆတ်ဆတ်..."

သည်အသံသည် သူ၏နောက်ဆုံးအသံပင် ဖြစ်ပါလိမ့်မည်။ သည်စကားသည် သူ့ထံမှ နောက်ဆုံးကြားရသော စကားပင်ဖြစ်ပါလိမ့်မည်။ နောက်ဆုံးထွက်သက်လေနှင့်အတူ ထွက်ပေါ်လာသော စကားသံများ ဖြစ်ပါလိမ့်မည်။

ပြင်ပ၌ မိုးသည် သဲသဲမဲမဲ ရွာနေဆဲ။

x x x x x

## အပိုင်း (၉)

"ရှင့် ဒေါ်ရေနံ့သာခင်ခင်ကြီး"

အမျိုးသမီးထောင်ကြပ်၏ ခေါ်သံသည် အတွေး၌ နစ်မြောနေသော ဒေါ်ရေနံ့သာခင်ခင်ကြီးအား ခြောက်လှန့်လိုက်သလို ဖြစ်သည်။ အတွေးအလျှဉ်ကို တန့်ရပ်လိုက်စေသလို ဖြစ်သည်။

ထောင်ကြပ်အမျိုးသမီးသည် သူ့အမည်ကို လိုလိုလားလား ခေါ်ခဲ့သည်တော့မဟုတ်။ နှစ်နှစ်ခြိုက်ခြိုက် သုံးနှုန်းလိုက်သည်တော့မဟုတ်။ ထေ့ထေ့ငေါ့ငေါ့ ခေါ်လိုက်ခြင်းဖြစ်သည်။ လှောင်ပြောင်သရော်လိုဟန်ဖြင့် သုံးနှုန်းလိုက်ခြင်းဖြစ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ထောင်ကြပ်အမျိုးသမီး၏မျက်နှာကို မော့ကြည့်လိုက်သည်။ မိမိအပါး၌ သူ ဘယ်အချိန်က ရောက်နေမှန်းမသိ။ ဘယ်နည်းဘယ်ပုံ ရောက်လာခဲ့ကြောင်း မတွေးတတ်။

"အခုထိ ရှင်ဘာမှ မလုပ်ရသေးပါလား။ ဒီအချိန်အထိ ထိုင်နေတုန်းပဲလား။ ငေးနေတုန်းပဲလား"

ထောင်ကြပ်အမျိုးသမီး မကျေနပ်နိုင်သလို ဆိုသည်။

"ကျွန်မ ဘာလုပ်ရမှာလဲဟင်"

ဒေါ်ရေနံ့သာခင်ခင်ကြီး ပြန်မေးသည်။

"ဒီကနေ့ ရုံးထွက်ရမယ့်နေ့ဆိုတာ ရှင်မေ့နေသလား ဒေါ်ရေနံ့သာခင်ခင်ကြီး"

ဒေါ်ရေနံ့သာခင်ခင်ကြီး ဘာမျှမပြောတော့။

"ကဲပါရှင်။ ထပါ။ မျက်နှာသစ်ပါ။ ခေါင်းဖြီးပါ။ နောက်တစ်ခေါက် ပြန်လှည့်လာတဲ့အချိန်မှာ အားလုံး အဆင်သင့်ဖြစ်နေပါစေ ဟုတ်လား"

ဒေါ်ရေနံ့သာခင်ခင်ကြီး ခေါင်းညိတ်ပြလိုက်သည်။

ကမ္ဘာလောကတစ်ခုလုံး လင်းလင်းထင်းထင်း ရှိနေခဲ့ပေပြီ။

အမှောင်ဆိတ်သုဉ်းသွားခဲ့ပြီ။ အလင်းရောင်သည် လောကကို ၎င်း၏ ပူနွေးသောရောင်ခြည်များဖြင့် ဖြန့်ကြက် ဖုံးလွှမ်းလိုက်လေပြီ။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်ဝန်းများမှာ စပ်ကျင်နေဆဲဖြစ်သည်။ ခေါင်းမှာ ရီဝေနေဆဲဖြစ်သည်။ ထိုင်ရာမှထရပ်လိုက်သောအခါ အင်အားကုန်ခန်းနေသလိုရှိကြောင်း ခံစားရသည်။

သည်ကနေ့ အမှုအတွက် စီရင်ချက်ချမည့်နေ့။ အဖြူအမည်း ကွဲပြားမည့်နေ့။

စိတ်မလှုပ်ရှားပါဘူးဆိုသော်လည်း၊ မတုန်လှုပ်ပါဘူးဆိုသော်လည်း ရင်မှာအခုန်သားပါကလား။

မည်သို့ပင်ဆိုစေ အပြင်သို့ထွက်ရမည်။ ပြင်ပလေကို ရှူရမည်ဆိုသောအခါ ဝမ်းသာရသည်အမှန်ပင်။ ပြီး ပြင်ပမှ မိမိအပေါ် လိုလားနှစ်သက်ခြင်းရှိကြလေသူတို့နှင့်လည်း ဆုံတွေ့ရဦးမည်ပင်။ ထိုသူတို့အနေနှင့်လည်း မိမိအား မြင်တွေ့နိုင်ခွင့် ရရှိကြမည်အမှန်ပင်။

သည်အတွေးကို တွေးမိပြန်တော့လည်း ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စိတ်သန္တာန်မှာ တက်ကြွလာရသည်။ ဖျတ်ဖျတ်လတ်လတ် ရှိလာရသည်။

ဘာတစ်ခုမျှ မျှော်လင့်စရာ မရှိသည်နှင့်စာလျှင် တစ်စုံတစ်ခုအတွက် မျှော်လင့်နေရခြင်းက သာလွန်ကောင်းမွန်သည် အမှန်ပါတည်း။

x x x x x

[ ၁ ]

စောစောက လူသံသူသံတို့ဖြင့် ဆူညံနေခဲ့လေသော ရုံးခန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး ဝင်လာသည်နှင့်တစ်ပြိုင်နက် တိတ်ဆိတ်သွားလေသည်။ ငြိမ်သက်သွားလေသည်။ လူတို့၏အာရုံသည် ဒေါ်ရေနံ့သာခင်ခင်ကြီးထံ ရောက်ရှိသွားကြသည်။ အကြည့်အားလုံး သူ့ကိုယ်ပေါ်သို့ ကျရောက်လာသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရုံးခန်းဝသို့အရောက်၌ ရုံးခန်းကို ဖျတ်ခနဲ တစ်ချက်ဝေ့ကြည့်လိုက်သည်။ မိမိအား စူးစိုက်ကြည့်နေသော မျက်ဝန်းများနှင့် ဆုံလိုက်ရသည်။ ချက်ချင်းမျက်လွှာချလိုက်ကာ ရုံးခန်း၏ အူလယ်လမ်းကြောင်းအတိုင်း ဣန္ဒြေရရ လျှောက်လာသည်။

တိတ်ဆိတ်နေသော ရုံးခန်းတွင် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် အစောင့်အရှောက်တို့၏ ခြေသံသည်သာ ကျယ်လောင်သော အသံအဖြစ် ထွက်ပေါ်လာသည်။ ခြေလှမ်းလိုက်လေတိုင်း ထဘီစသည် ဝဲ၍ဝဲ၍ သွားသည်။ သူ၏ ထဘီစ ခတ်သံသည်ပင် ရုံးခန်းအတွင်း၌ ကျယ်လောင်သောအသံအဖြစ် ပေါ်ထွက်နေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး တရားခံအတွက် သီးသန့်ပေးထားသော ထိုင်ခုံ၌ ထိုင်လိုက်သည်။ သူထိုင်၍ အတော်ချည်းကြာလျှင် ရုံးခန်းသည် ပြန်လည်အသက်ဝင်လာသလို ရှိသည်။ စကားသံတို့ဖြင့် ပြန်လည်ညံစီလာသည်။

ရုံးခန်း၌ တရားလို၊ တရားခံနှင့် အမှုတွင် စိတ်ဝင်တစားရှိကြသူတို့ အစုံအညီ ရောက်ရှိနေကြပြီဖြစ်သည်။ သိက္ခာကြီးသော တရားသူကြီးမင်းသည် ရောက်ရှိမလာသေး။ လူအားလုံးတို့ ၎င်းကို စောင့်မျှော်နေကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရုံးခန်းဆီသို့ တစ်ကြိမ် လှည့်ကြည့်လိုက်မိပြန်သည်။ ရုံးခန်းအတွင်း၌ အမှုဖြစ်ခါစကလောက် လူသူများပြားခြင်းမရှိ။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အမှုကို စတင်စစ်ဆေးစကဆိုလျှင် ရုံးခန်းမှာ လူသူ ကျပ်ညပ်နေသည်။ နေစရာထိုင်စရာ မရှိလောက်အောင် များပြားသည်။

နောက်ပိုင်းတွင်မူ တစ်စထက်တစ်စ လူကျဲလာသည်။ အမှုနှင့် အဓိက ပတ်သက်စပ်ဆိုင်နေသူများကိုသာ အများအားဖြင့် တွေ့ရတတ်လေ့ရှိသည်။ သည်ကနေ့ စီရင်ချက်ချမည့်နေ့ဖြစ်သဖြင့် ယခင်အမှုစစ်ဆေးဆဲနေ့များကထက် လူပိုလာကြောင်း တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာ့အဆင့်မီ မြန်မာ့ကော်ဖီ

မျိုးမြတ်မိုး (MANA)

ကော်ဖီသည် ကမ္ဘာပေါ်တွင် "ရေ"ပြီးလျှင် သောက်သုံးမှုအများဆုံးဖြစ်သည်။ ရှေးခေတ်ကတည်းက လူ့ယဉ်ကျေးမှု၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကော်ဖီသည် လူသားတို့၏ ကျန်းမာရေးအတွက် နည်းလမ်းတစ်ခုခုဖြင့် အကျိုးပြုနေသည်ကို ကော်ဖီကြိုက်သူတိုင်း သိရှိပြီးဖြစ်သည်။ ကော်ဖီကို အလွန်အကျွံသောက်သုံးပါက ကျန်းမာရေးကို ထိခိုက်နိုင်သည်ဟု ဆိုကြသော်လည်း ကော်ဖီကြိုက်နှစ်သက်သူများအနေဖြင့် နံနက်စောစော အိပ်ရာထချိန်၊ နေ့လယ်နေ့ခင်းအချိန်များတွင် ကော်ဖီတစ်ခွက်သောက်ရခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် ပျော်ရွှင်မှုတစ်ခု ရရှိစေကြောင်းကို လက်ခံထားကြပြီးဖြစ်သည်။ ကော်ဖီနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်အမြင်အချို့ရှိနေစေကာမူ ကော်ဖီသည် မှတ်ဉာဏ်ကို ကောင်းမွန်စေပြီး ကော်ဖီကို ပုံမှန်သောက်သုံးခြင်းသည် စိတ်ကျရောဂါဖြစ်နိုင်ခြေကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း လေ့လာမှုများရှိခဲ့ပြီးဖြစ်သည်။ ကော်ဖီသောက်ခြင်း၏ အရေးပါမှုသည် ကာလကြာလာသည်နှင့်အမျှ တိုးတက်မှုရှိနေသဖြင့် ကော်ဖီသောက်ချိန်သည်ပင်လျှင် လုပ်ငန်းခွင်၌ အရေးကြီးသောကဏ္ဍတစ်ခု ဖြစ်လာသည်။ ကော်ဖီသည် လူသားများအကြား တန်ဖိုးမြင့်ကုန်ပစ္စည်းတစ်ခုအဖြစ် အရေးပါနေသည်။

**တန်ဖိုးမြင့်သီးနှံကုန်စည်တစ်ခု**

မျက်မှောက်ကာလတွင် ကော်ဖီသည် ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် ရေနံရောင်းဝယ်မှုပြီးလျှင် ဒုတိယအဆင့် အရေးပါဆုံးသော တန်ဖိုးမြင့်သီးနှံကုန်စည်တစ်ခုဖြစ်သည်။ မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် နေ့စဉ်သောက်သုံးနေကြသော ကော်ဖီခွက်ရေပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်ရှိပြီး ကော်ဖီသောက်သုံးမှုအများဆုံးနိုင်ငံသည် နယ်သာလန်နိုင်ငံဖြစ်သည်။ ကော်ဖီသောက်သုံးမှုအများဆုံးနိုင်ငံများတွင် အဆင့်(၈)ရှိသော အမေရိကန်နိုင်ငံ၏ ကော်ဖီဈေးကွက်သည် တစ်နှစ်လျှင် ၁၈ ဘီလီယံခန့်အထိရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကစိုက်ပျိုးကြပြီး ယင်းလုပ်ငန်း၌ လူဦးရေသန်းပေါင်း ၁၂၀ ခန့် လုပ်ကိုင်နေကြသည်ဖြစ်ရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများပြားသကဲ့သို့ နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သည့်လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် ကော်ဖီစိုက်ပျိုးသည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်တို့နှင့် နှိုင်းယှဉ်ပါက နည်းပညာအားနည်းခြင်း၊ သတင်းအချက်အလက်ဖလှယ်မှု လိုအပ်ချက်ရှိနေခြင်းနှင့် ကော်ဖီသီးနှံဈေးကွက် ဝေစုရရှိမှုအားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောက်ကျသေးသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ကော်ဖီစိုက်ပျိုးမှုကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၊ ချင်းပြည်နယ် တီးတိန်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံဒေသများတွင် အဓိကစိုက်ပျိုးလျက်ရှိပြီး တစ်နိုင်ငံလုံးတွင် စိုက်ဧက ငါးသောင်းကျော်ရှိကြောင်း သိရသည်။ ပြင်ဦးလွင်ဒေသနှင့် ရွာငံဒေသတို့မှ ထွက်ရှိသည့် မြန်မာ့အာရေဗီကာကော်ဖီသည် ကမ္ဘာ့အဆင့်မီ (Special Coffee) အဆင့်တွင်ရရှိခဲ့ပြီး ယခုအခါ သင့်တင့်သည့်ဈေးနှုန်းများ ရရှိလာသည်။ ပြည်တွင်း၌လည်း ကော်ဖီဆိုင်များ၊ ကော်ဖီစစ်စစ်သောက်သုံးသူများ တဖြည်းဖြည်းများပြားလာသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး ကော်ဖီစိုက်တောင်သူများ၊ လုပ်ငန်းရှင်များကိုလည်း အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်သည်။



မြန်မာ့ကော်ဖီရာသီ၌ ကော်ဖီတန်ချိန် ၅၀၀ ခန့် ပြည်ပတင်ပို့ရန် အခြေအနေကောင်းများ ရှိနေသည်။ အီးယူသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံ ၂၇ နိုင်ငံကို ပေါင်းစည်းထားပြီး ကမ္ဘာ့အကောင်းဆုံးစီးပွားရေးဘုံစနစ်တစ်ခုကို ပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာပေါ်တွင် ကော်ဖီသောက်သုံးမှု အမြင့်မားဆုံးဖြစ်သောကြောင့် အသိအမှတ်ပြုလက်မှတ်ရကော်ဖီများအတွက် ကမ္ဘာ့အကြီးမားဆုံး ဈေးကွက်တစ်ခုဖြစ်သည်။ အီးယူ ၂၇ နိုင်ငံအနက်မှ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ ဒိန်းမတ်၊ နယ်သာလန်နှင့် စပိန်တို့သည် မြန်မာ့ကော်ဖီအား နှစ်စဉ်တိုးတက်ဝယ်ယူခဲ့ကြသည်ကိုတွေ့ရသည်။

အမေရိကန်နိုင်ငံသည်လည်း ကမ္ဘာ့ကော်ဖီသောက်သုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်၍ ကော်ဖီတိုးမြှင့်တင်ပို့ရန် ဦးစားပေးရွေးချယ်နိုင်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း နေထိုင်ကြသူများအနက် သန်း ၁၅၀ ကျော်သော အမေရိကန်တို့သည် နေ့စဉ် ကော်ဖီခွက်ရေ သန်း ၄၀၀ သောက်သုံးကြပြီး တစ်နှစ်သောက်သုံးမှုအတွက် ၁၄၀ ဘီလီယံကုန်ကြသည်။ ကော်ဖီသောက်သုံးမှုသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ၂၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး ဆက်လက်၍လည်း ၂၀၂၁-၂၀၂၅ အတွင်း နှစ်စဉ် ၇ ဒသမ ၉၇ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်နိုင်ငံသို့ ကိုလံဘီယာနိုင်ငံမှ ၁ ဒသမ ၂၁ ဘီလီယံနှင့် ဘရာဇီးနိုင်ငံမှ ၁ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ ကော်ဖီများတင်သွင်းခဲ့သဖြင့် တင်သွင်းမှုအများဆုံးနိုင်ငံများအဖြစ် ရပ်တည်ခဲ့ကြသည်။ ကမ္ဘာ့အထူးတန်းဝင် အကောင်းဆုံးကော်ဖီများထုတ်လုပ်သည့် နိုင်ငံများမှာ ဘရာဇီး၊ ကိုလံဘီယာ၊ ဒိုမီနီကမ်နှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်သည်။

**အာရေဗီကာကော်ဖီကို ပြင်ဦးလွင်တွင် စတင်စိုက်ပျိုး**

မြန်မာ့ကော်ဖီသမိုင်းကို လေ့လာကြည့်မည်ဆိုလျှင် ဗြိတိသျှကိုလိုနီခေတ် ၁၈၈၅ ခုနှစ်မှစတင်ပြီး ရိုဗက်စတာကော်ဖီက မြန်မာနိုင်ငံ မြိတ်နှင့် ထားဝယ်ဒေသသို့ ရောက်ရှိလာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်များတွင် ကတ်သလစ်သာသနာပြုအဖွဲ့က အာရေဗီကာကော်ဖီကို ပြင်ဦးလွင်တွင် စတင်စိုက်ပျိုးခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက စုစုပေါင်း ၃၀၀၀၀ ကျော်ခန့်ရှိပြီး အာရေဗီကာကော်ဖီ ၈၀ ရာခိုင်နှုန်းခန့်နှင့် ရိုဗက်စတာကော်ဖီ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးထုတ်လုပ်ကြသည်။ ပြင်ဦးလွင်၊ ရွာငံ၊ မိုးကုတ်၊ နောင်ချို၊ သံတောင်ကြီး၊ ဟိုပုံးနှင့် ပင်လောင်းဒေသတို့မှာ ကော်ဖီအများဆုံး စိုက်ပျိုးထုတ်လုပ်သောဒေသဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ ကော်ဖီအသင်းကကြီးမှူးပြီး နိုင်ငံတကာ ကော်ဖီပညာရှင်များ ဖိတ်ခေါ်ကာ ကော်ဖီအရည်အသွေး အကဲဖြတ်အမှတ်ပေးပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာ့ကော်ဖီအရည်အသွေးက အမှတ် ၈၉ ပွိုင့်ရရှိခဲ့သည်။ မိုးကုတ်ကော်ဖီက ၂၀၁၈ ခုနှစ် ကော်ဖီကမ်ပိန်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒုတိယဆု ထပ်မံရရှိခဲ့သည်။

**အာရှတိုက်၏အကြီးဆုံး ကော်ဖီပြပွဲ**

ဂျပန်နိုင်ငံ Speciality Coffee Association of Japan (SCAJ) အဖွဲ့က ကြီးမှူးပြီး နှစ်စဉ် နိုဝင်ဘာလတွင် ကျင်းပမြဲဖြစ်သည့် အာရှတိုက်၏အကြီးဆုံး ကော်ဖီပြပွဲဟုဆိုနိုင်သည့် SCAJ World Speciality Coffee Conference & Exhibition ကို မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ကော်ဖီကုမ္ပဏီတို့က ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များတွင် သွားရောက်ပြသခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြပွဲကျင်းပနိုင်ခြင်းမရှိသော်လည်း ၂၀၂၁ ခုနှစ်တွင် မြန်မာ့ကော်ဖီများ ဝယ်ယူနေသည့် ဂျပန်ကုမ္ပဏီသုံးခုဖြစ်သည့် Saka No Tochu Co.,Ltd.၊ Mandalay Coffee Group Co.,Ltd. နှင့် Aung Coffee Lab တို့က မြန်မာ့ကော်ဖီများနှင့် မြန်မာနိုင်ငံကော်ဖီကိုယ်စားပြုပြီး SCAJ World Speciality Coffee Conference & Exhibition 2011 ပြပွဲတွင် ပါဝင်ပြသခဲ့ကြသည်။ ကော်ဖီပြပွဲကြီးကို ကမ္ဘာ့နိုင်ငံများမှ နာမည်ကြီးကော်ဖီအမျိုးအစားမျိုးစုံနှင့် ကော်ဖီလုပ်ငန်းပေါင်း ၂၀၀ ကျော် လာရောက်ပြသကြသည့်အပြင် ကော်ဖီဖျော်စက်မျိုးစုံ၊ ကော်ဖီနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ၊ ကော်ဖီအသုံးပြုထုတ်လုပ်ထားသော အခြားသစ်သီးအရသာ၊ ဆေးဖက်ဝင်သစ်သီးသစ်ရွက်ပေါင်းစပ်ထားသော သောက်သုံးစရာနှင့် ကော်ဖီအခွံကိုအသုံးပြုပြီး အခြားဖြည့်စွက်အရသာ ပေါင်းစပ်ထုတ်လုပ်ထားသော အချိုရည်များကို မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ကော်ဖီလုပ်ငန်းရှင်များ ပူးပေါင်း၍ ပြည်တွင်းစိုက်ပျိုးမှုနှင့် ပြည်ပတင်ပို့မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပကော်ဖီပြပွဲများကို တတ်စွမ်းသမျှပါဝင်ပြသခဲ့ကြသည်။

SCAJ World Speciality Coffee Conference & Exhibition 2021 ပြပွဲတွင် ဝင်ရောက်ပြသခဲ့သော Aung Coffee ကို ဂျပန်လူမျိုး Mr. Okutomi Taketo က တည်ထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစတင်ကာ ရှမ်းပြည်နယ် (ရွာငံ၊ ဟိုပုံး၊ ပင်လောင်း) နှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်နှင့် မိုးကုတ်)တို့မှ ထွက်သော ကော်ဖီများကို အစေ့အစိမ်းဝယ်ယူတင်သွင်းပြီး အိမ်လှော် မြန်မာ့အထူးတန်းဝင်ကော်ဖီအဖြစ် ဂျပန်နိုင်ငံတွင် ကော်ဖီဆိုင်နှင့် အင်တာနက်တို့မှတစ်ဆင့် ပြန်လည်ရောင်းချခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစပြီး တိုကျိုမြို့ Ushigome Yanagimachi ဘူတာရုံအနီးတွင် Aung Coffee (Myanmar Coffee Lab Cafe' & Roastery) နာမည်နှင့် မြန်မာ့အထူးတန်းဝင်ကော်ဖီများကို မြန်မာမုန့်များဖြစ်သော ဆနွင်းမကင်း၊ ကောက်ညှင်းရွှေချီ၊ စနိုးပူတင်းတို့နှင့် တွဲဖက်ရောင်းချသည်။ မြန်မာ့ကော်ဖီကို ကြိုက်နှစ်သက်သူဂျပန်လူမျိုးများ တိုးပွားလာနေပြီး ကော်ဖီဈေးနှုန်းက ကမ္ဘာ့နာမည်ကျော် Starbuck Coffee ဈေးနှုန်းနှင့် အတူတူပင်ဖြစ်သည်။ ဂျပန်ဈေးကွက်တွင် မျက်နှာပန်းလှစွာ အရောင်းသွက်နေသော မြန်မာ့ကော်ဖီ၏ တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ပေးနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ အခြားကော်ဖီသောက်သုံးမှု မြင့်မားသော နိုင်ငံများတွင်လည်း (ဥပမာ-ကိုရီးယား) **စာမျက်နှာ ၂၅ သို့** ■

**"ကော်ဖီပြပွဲကြီးကို ကမ္ဘာ့နိုင်ငံများမှ နာမည်ကြီးကော်ဖီအမျိုးအစား မျိုးစုံနှင့် ကော်ဖီလုပ်ငန်းပေါင်း ၂၀၀ ကျော် လာရောက်ပြသကြသည့်အပြင် ကော်ဖီဖျော်စက်မျိုးစုံ၊ ကော်ဖီနှင့် ဆက်စပ်ပစ္စည်းမျိုးစုံ၊ ကော်ဖီအသုံးပြု ထုတ်လုပ်ထားသော အခြားသစ်သီးအရသာ၊ ဆေးဖက်ဝင်သစ်သီးသစ်ရွက် ပေါင်းစပ်ထားသော သောက်သုံးစရာနှင့် ကော်ဖီအခွံကိုအသုံးပြုပြီး အခြား ဖြည့်စွက်အရသာ ပေါင်းစပ်ထုတ်လုပ်ထားသော အချိုရည်များကို မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် ကော်ဖီလုပ်ငန်းရှင်များပူးပေါင်း၍ ပြည်တွင်းစိုက်ပျိုးမှုနှင့် ပြည်ပတင်ပို့မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပကော်ဖီပြပွဲများကို တတ်စွမ်းသမျှပါဝင်ပြသခဲ့ကြ"**

■ စာမျက်နှာ ၂၄ မှ

အလားတူ မြန်မာ့ကော်ဖီသီးသန့်ဆိုင်များ ပေါ်ထွန်းလာစေရန် အားလုံး တစ်တပ်တစ်အား ပါဝင်ကြဖို့ တိုက်တွန်းလိုပါသည်။

ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာအားနည်းမှု၊ ထုတ်လုပ်မှုစရိတ် များပြားနေမှု၊ ကော်ဖီစိုက်တောင်သူများ ငွေကြေးအခက်အခဲရှိမှု၊ ဈေးကွက်ဆိုင်ရာ အချက်အလက်ဖလှယ်ရာတွင် အားနည်းမှု၊ ကော်ဖီစိုက်ပျိုးမြေနှင့်ပတ်သက်သည့် ပြဿနာများရှိနေမှုတို့မှ စိန်ခေါ်မှုများ ဖြစ်နေသည်။ အဆိုပါအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း တစ်ခုလုံး ရေရှည်ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာနိုင်သည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ၎င်း၏တစ်ဦးချင်းစားသုံးမှု ၃၀ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း လေ့လာမှုများက ဖော်ပြကြသည်။ ကမ္ဘာ့ကြီးတွင် လူဦးရေတိုးလာသည်နှင့်အမျှ ကော်ဖီသောက်သူများ ပိုမိုတိုးပွားနေဦးမည်ဖြစ်၍ အနာဂတ်တွင် အလားအလာကောင်းသည့် ဈေးကွက်ဝင်သီးနှံတစ်ခုအဖြစ် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။ ကော်ဖီ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍသည် အလုပ်အကိုင်အခွင့်အလမ်းများပြားသကဲ့သို့ နိုင်ငံခြားဝင်ငွေကိုလည်း တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနိုင်သည့်လုပ်ငန်းဖြစ်သည်။ သို့ရာတွင် ကော်ဖီထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် နည်းပညာနှင့် ထုတ်လုပ်မှုစရိတ် များပြားနေမှု၊ ကော်ဖီစိုက်တောင်သူများ ငွေကြေးအခက်အခဲရှိမှု၊ ကော်ဖီစိုက်ပျိုးမြေနှင့်ပတ်သက်သည့် ပြဿနာများရှိနေမှုတို့မှာ စိန်ခေါ်မှုများရှိနေသည် ဖြစ်ရာ မြန်မာ့ပိုကုန်အမည်သစ် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမြင့်မားစေရန် ပူးပေါင်းဆောင်ရွက်ကြပါရန် ရေးသားလိုက်ရပါသည်။ ။

## မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဝတ်ဆင်မောင်းနှင်စေရေးနှင့် ကလေးအသက်ကယ်ထိုင်ခုံ အသုံးပြုရေး နှိုးဆော်ချက် (နည်းဥပဒေ ၃၁၇၊ ၃၁၈ နှင့် ၃၁၉)

၁။ မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါပုဂ္ဂိုလ်များသည် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားရမည်-

(က) လူစီးယာဉ်၊ ကျောင်းကြိုပို့ယာဉ် (School Bus)၊ အဝေးပြေးခရီးသည်တင်ယာဉ် (Express Bus) တို့တွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူအားလုံး၊

(ခ) မြို့တွင်းခရီးသည်တင်ယာဉ် (City Bus Mini Bus) တွင် ယာဉ်မောင်းနှင်သူ၊

(ဂ) ကုန်တင်ယာဉ်နှင့် အခြားယာဉ်များတွင် ယာဉ်မောင်းနှင်သူနှင့် ယာဉ်မောင်းသူ၏ ဘေးတွင် လိုက်ပါစီးနင်းသူ။

၂။ ယာဉ်မောင်းနှင်သူသည် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားရမည့်သူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ကို စနစ်တကျ တပ်ဆင်စေပြီးမှ မောင်းနှင်ရမည်။

၃။ မော်တော်ယာဉ်ပေါ်တွင် အသက်(၁၀)နှစ်အောက် ကလေးငယ်ပါရှိပါက ကလေးအသက်ကယ်ထိုင်ခုံ အသုံးပြုရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဇူလိုင် ၁၉

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မှုတာစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွလက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ကုန်ထုတ်လမ်း ၁၉ လမ်း ဖောက်လုပ်ပေးလျက်ရှိ

မန္တလေး ဇူလိုင် ၁၉

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်၌ စိုက်ပျိုးဧက ၂၆၀၀၀ ကျော် အကျိုးပြုစေမည့် ကျေးလက်ကုန်ထုတ်လမ်း ၁၉ လမ်းကို ပြည်သူများအတွက် ဓနလပထမပတ်မှစ၍ စိုက်ပျိုးရေးတောင်သူများကို ဖောက်လုပ်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းများကို တောင်သူများ၏ စိုက်ပျိုးထားသည့် သီးနှံများ ကွင်းထဲတွင် လေလွင့်မှုနည်းပါးစေရန်၊ ရာသီမရွေး ထုတ်လုပ်သယ်ပိုးနိုင်ရန်နှင့် ဈေးကွက်သို့ အချိန်မီတင်ပို့ ရောင်းချနိုင်ရေးအတွက် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးတောင်သူများအတွက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၄၆ ဒသမ ၁၂၇ သန်းကို အသုံးပြုပြီး ကျေးလက်ကုန်ထုတ်လမ်း ၁၉ လမ်းနှင့် တံတားအစင်း ၃၀ ဖောက်လုပ်ပေးသွားမည်ဖြစ်ပြီး လမ်းအရှည် အနေဖြင့် ၂၆ မိုင် ၆ ဒသမ ၆၁၂ ဖာလုံကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ ဆောင်ရွက်ပြီးစီးမှု ရာခိုင်နှုန်းသည် ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စောက ပြောသည်။



"အခုလိုမျိုး ကုန်ထုတ်လမ်းတွေ ဖောက်လုပ် ပေးနေတာဆိုရင် စိုက်ပျိုးရေးတောင်သူတွေ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေတာပါ။ စိုက်ပျိုးမွေးမြူတဲ့ တောင်သူတွေကို ဈေးကွက်နဲ့ ချိတ်ဆက်ပေးတာပါ။ ယခင်လမ်းတွေမရှိခင်က စိုက်ခင်းကထွက်တဲ့ ထုတ်ကုန်တွေ ဈေးကွက်ကို အချိန်မီမပို့နိုင်ပါဘူး။ အခုလိုလမ်းတွေ ဖောက်ပေးလိုက်တဲ့အတွက် သွားရောင်းချလိုတဲ့ နေရာကို အချိန်နဲ့တပြေးညီ သွားရောင်းနိုင်ပါတယ်။ ကုန်စည်ဒိုင်ကိုလည်း တိုက်ရိုက် ရောင်းနိုင်တဲ့အတွက် ဈေးကောင်းရရှိစေမယ့် အကျိုးကျေးဇူးတွေလည်း ရရှိမှာဖြစ်ပါတယ်။ အရင်က ကုန်ထုတ်လမ်းတွေမရှိတဲ့အခါမှာ စိုက်ပျိုးတဲ့ သီးနှံတွေဟာ မိုးဒဏ်၊ လေဒဏ်တွေကြောင့် လေလွင့်မှုတွေနဲ့ ပျက်စီးမှုတွေဖြစ်ပေါ်ကြပါတယ်။ အဲဒါကြောင့် ကျေးလက်ကုန်ထုတ်လမ်းတွေ ဖောက်လုပ်ပေးနေတာပါ။ ကုန်ထုတ်လမ်းရှိတဲ့အတွက်ကြောင့် ဈေးကွက်ကို အချိန်မရွေး ချိတ်ဆက်နိုင်ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

တောင်သူများ အကျိုးစီးပွားအတွက် သီးနှံများကို ရာသီမရွေး ထုတ်လုပ်နိုင်ရန်အတွက် ယခုဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည့် မြို့နယ် ၂၂ မြို့နယ်တွင် ကျေးရွာ ၄၀၊ အိမ်ခြေ ၈၈၇၈ အိမ်၊ လူဦးရေ ၄၃၀၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးအနေဖြင့် ယာ ၂၅၉၄၆ ဧက၊ လယ်ဧက ၇၀၊ မွေးမြူရေး ၁၇၃၅ ကောင်၊ မွေးမြူရေးဧကအနေဖြင့် ၄၉ ဧက အကျိုးပြုစေမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူ တောင်သူများ၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ပေးနေခြင်းမှာ လက်ရှိ ၂၀ ရာခိုင်နှုန်းပြီးနေပြီဖြစ်၍ ယခုဘဏ္ဍာနှစ်အတွင်း အပြီးဖောက်လုပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မောင်အေးချမ်း

### ✻ အာဆင်နယ်မှ

အသက် ၂၅ နှစ်အရွယ်ရှိ ယူကရိန်းကြယ်ပွင့်ကစားသမား ဇင်ချန်ကိုဟာ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ကစားမယ့်ကိစ္စပြီးမြောက်ရေးအတွက် လာမယ့်ရက်ပိုင်းအတွင်းမှာ အင်္ဂလန်မြေကို ပြန်သွားဖို့ မျှော်လင့်ထားတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ဇင်ချန်ကိုဟာ နည်းပြဂွာဒီယိုလာ မန်စီးတီးအသင်းကို ရောက်ရှိလာချိန်ဖြစ်တဲ့ ၂၀၁၆ ခုနှစ်အတွင်းက စာချုပ်ချုပ်ဆိုခဲ့တဲ့ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်းဖြစ်ပါတယ်။ ဇင်ချန်ကိုဟာ မန်စီးတီးအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၁၂၈ ပွဲအထိ ပါဝင်ကစားပေးထားပြီး ပရီမီယာလိဂ်ဖလားလေးကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်နဲ့ လိဂ်ဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့တဲ့ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ယခုလအစောပိုင်းက မန်စီးတီးအသင်းတိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်ကို ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းနဲ့ ခေါ်ယူပြီးဖြစ်တာကြောင့် ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း မန်စီးတီးအသင်းကနေ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့မယ့် ဒုတိယမြောက်ကစားသမားလည်း ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ငွေကြယ်

### ✰ မြန်မာအသင်းမှ


ယခင်က အာရှထိပ်သီးအသင်းများဖြစ်သည့် ဂျပန်နှင့် ဆော်ဒီအာရေဗျအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းခဲ့သော်လည်း ပြန်လည်နုတ်ထွက်ခဲ့သဖြင့် ထိုင်း၊ မလေးရှားအသင်းတို့ဖြင့် အစားထိုးခဲ့ခြင်းဖြစ်သည်။ ယင်းလေးသင်းစလုံးမှာ မကြာခင်က ပြီးစီးခဲ့သည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းများဖြစ်ပြီး မလေးရှားအသင်းမှာ ချန်ပီယံဆုရခဲ့ကာ ထိုင်းနှင့် ဗီယက်နမ်အသင်းမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့သည်။ International U-19 Thanh Nien Cup ပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘင်ဒေါင်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအပါအဝင် အခြားပြိုင်ပွဲများ ယှဉ်ပြိုင်ရန် အာဆီယံ ယူ-၁၉ ပြိုင်ပွဲပြီးကတည်းက လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်လျက်ရှိပြီး ၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲဝင်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

■




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှထွက်ရှိသော စာအုပ်များစာရင်း

## မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၈-၁၉၅၈) ဒုတိယတွဲ၊ အပိုင်း (၂)စာအုပ်နှင့် မြန်မာ့ရက်စဉ်သမိုင်း (၁၉၅၈-၁၉၆၂) ဒုတိယတွဲ၊ အပိုင်း(၃) စာအုပ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်မှ အချက်အလက် အထောက်အထားများကို ရှာဖွေစုဆောင်းကာ ယင်းအချက်အလက် အထောက်အထားများကိုအသုံးပြု၍ စာအုပ်စာတမ်းများကို ပြုစုရေးသားပြီး စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေလျက်ရှိသည့်အပြင် သုတေသနသည် အစဉ်ရှင်သန်နေရသည့်အတွက် ပုံနှိပ်ထုတ်ဝေပြီးသော စာအုပ်များကိုလည်း ထပ်မံတွေ့ရှိရသော အချက်အလက် အထောက်အထားများဖြင့် ပြင်ဆင်ဖြည့်စွက် ပြုစုရေးသားလျက်ရှိသည်။ သို့ဖြစ်ပေရာ ယခင်ကထုတ်ဝေခဲ့ပြီးသော မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၅-၂၀၀၈) ဒုတိယတွဲကို ပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်၍ ယခုအခါ ဒုတိယတွဲကို အပိုင်းများခွဲကာ ထပ်မံပြင်ဆင်ဖြည့်စွက်ပြီး ဦးကျော်ငြိမ်း အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့ ပြုစုရေးသားထားသော "မြန်မာ့ရက်စဉ်သမိုင်း(၁၉၄၈-၁၉၅၈) ဒုတိယတွဲ၊ အပိုင်း(၂)"နှင့် "မြန်မာ့ရက်စဉ်သမိုင်း(၁၉၅၈-၁၉၆၂) ဒုတိယတွဲ၊ အပိုင်း(၃)"တို့ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်တို့တွင် ပါလီမန်ဒီမိုကရေစီကျင့်သုံးခဲ့သည့် ဖဆပလခေတ် (ဖဆပလအစိုးရ ၁၉၄၈-၁၉၅၈)၊ အိမ်စောင့်အစိုးရ (၁၉၅၈-၁၉၆၀)နှင့် ပြည်ထောင်စုအစိုးရ (၁၉၆၀-၁၉၆၂)တို့၏ မြန်မာ့နိုင်ငံရေးမြင်ကွင်းနှင့် မြန်မာနိုင်ငံအခြေအနေကို ဖတ်ရှုလေ့လာနိုင်မည်ဖြစ်သည်။

**တန်ဖိုး-**

**ဒုတိယတွဲ၊ အပိုင်း(၂) ငွေကျပ် ၅၀၀၀**

**ဒုတိယတွဲ၊ အပိုင်း(၃) ငွေကျပ် ၃၀၀၀**








## ဒေါက်တာဦးစိုင်းအောင်ထွန်း၏ လက်ရွေးစင်စာတမ်းများ စာအုပ်


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ဒေါက်တာဦးစိုင်းအောင်ထွန်း (အဖွဲ့ဝင်၊ မြန်မာသမိုင်းအဖွဲ့)သည် ၎င်းကိုယ်တိုင် ရှမ်းအမျိုးသားတစ်ဦး ဖြစ်သည့်အပြင် ရှမ်းသမိုင်းနှင့်ပတ်သက်၍ တစိုက်မတ်မတ် သုတေသနပြုလေ့လာနေသော သမိုင်းပညာရှင်ကြီးတစ်ဦး ဖြစ်ပေသည်။ ဒေါက်တာ ဦးစိုင်းအောင်ထွန်းသည် ကိုယ်တွေ့မေးမြန်းချက်များနှင့် ကွင်းဆင်းသုတေသနပြုခြင်းများအပြင် ကိုယ်တွေ့၊ စာတွေ့မှရရှိလာသော အချက်အလက် အထောက်အထားများအပေါ် အခြေခံပြီး ပြုစုရေးသားခဲ့သော ရှမ်းနှင့်ပတ်သက်သော သုတေသနစာတမ်းများအပြင် အခြားသော ယဉ်ကျေးမှုဆိုင်ရာ စာတမ်းများကိုစုဆောင်း၍ တပေါင်းတစည်းတည်းအဖြစ် Selected Writings of Dr. Sai Aung Tun ဟူ၍ အမည်တပ်ကာ ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ ယခု ဤ Selected Writings of Dr. Sai Aung Tun စာအုပ်တွင် Administration by Sao Hkun Htee, as Sawbwa of Mong Pawn State in accordance with the Royal Edict of His Majesty King Mindon စာတမ်း၊ The Tai as a Walking and Working People စာတမ်း၊ The Implementation of the Programme of the Non-violence and Peace Education စာတမ်း၊ Panglong Conference စာတမ်း၊ The Shan of Myanmar စာတမ်း၊ The Relationship between Hkun Sang Tone Hung, the Sao Hpa of Hsenwi State, and King Mindon of mandalay as found in the Hsenwi Chronicle စာတမ်း၊ Tracing the Footsteps of the Tai People စာတမ်း၊ Unforgettable Lofe Story of စာတမ်း၊ Traditional Culture in the Creation of Contemporary Myanmar Identity စာတမ်း၊ Retracing Some Common Cultural Affiliations or Aspects of the Ethnic groups of Zhuang, Tai, Lao, Thai and Ahom People စာတမ်းတို့ကို ဖတ်ရှုလေ့လာနိုင်မည် ဖြစ်သည်။ **တန်ဖိုး-ငွေကျပ်၂၅၀၀**




## မြန်မာသမိုင်းသုတေသနစာစောင် အမှတ် (၄၀)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများ၊ ဝန်ကြီးဌာနစာတမ်းဖတ်ပွဲများ၊ ဌာနတွင်းစာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပလေ့ရှိပြီး ထိုစာတမ်းများကိုစုစည်း၍ ပုံနှိပ်ထုတ်ဝေခြင်းများ ပြုလုပ်လျက်ရှိသည်။ ယခုအခါ မြန်မာသမိုင်းအဖွဲ့ဝင်များ ပါဝင်ရေးသားထားသော စာတမ်းများနှင့် သမိုင်းသုတေသနဝန်ထမ်းများ၏ ဌာနတွင်း ဖတ်ကြားခဲ့သော စာတမ်းများနှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သမိုင်းဌာန ဆရာ ဆရာမများ၏ စာတမ်းများကို စုစည်း၍ မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၄၀)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

**တန်ဖိုး-ငွေကျပ် ၂၅၀၀**




ဤစာအုပ်များကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန နေပြည်တော် ရုံးအမှတ်(၃၅) ဖုန်း-၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ကုမုဒြာကြာပန်းဝိုင်းအနီး ဖုန်း-၀၆၇-၄၁၈၄၂၆၊ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဖုန်း- ၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ နှင့် အမှတ် (၈၅) အေသီရိမင်္ဂလာရိပ်သာလမ်းသွယ် ကမ္ဘာအေးဘုရားလမ်း ရန်ကင်းမြို့နယ် ဖုန်း-၀၉-၄၂၀၄၇၁၂၄ တွင်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။

## ၂၀၂၂ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၁၉**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက် လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သဘာဝဘေးအန္တရာယ်လျော့ပါးဖို့ အလေးပေးဆောင်ရွက်ကြပါစို့" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဇူလိုင်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဇူလိုင်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ သန့်လွင်ထွန်း (MPA) တို့၏ "သဘာဝဘေးအန္တရာယ်လျော့ပါးဖို့ အလေးပေးဆောင်ရွက်ကြပါစို့" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီမော်သိမ်း၊ ညီညီဖေ၊ ပါမောက္ခကိုကိုအောင်၊ နေသူရိန်၊ K. M. A၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်) တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာမြင့်သန်းတို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ စိုးစိုး(ပန်းတောင်း)၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ ရဲထက်ဇော်၊ မြသိန်းတို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

**ဆက်သွယ်မှာယူနိုင်**

အဆိုပါသုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၁၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရ "လွင်မြန်မာ(မန်းတက္ကသိုလ်)" ရေးသားသည့် "မြန်မာ့ရွှေချည်ထိုး" စာအုပ်ကို ၂၀၂၂ ခုနှစ် ဇူလိုင် အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)
### အသက်(၅၉)နှစ်

သူငယ်ချင်း ကိုအောင်နိုင်သည် ၁၆-၇-၂၀၂၂ (စနေနေ့) ညနေ ၆:၄၀ နာရီတွင် တပ်မတော်အသည်းဆေးရုံ၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ကြီး၊ ဦးဇော်လင်း၊ ကိုထွန်းထွန်း(မန္တလေး)**
**ဦးခင်အောင်၊ ဦးအောင်ဦးကျော်၊ ဦးဇော်မိုးသန်း**
**ဦးသီဟ၊ ဦးမြင့်သိန်း(ရန်ကုန်)**
**ဦးညီညီလင်း(မြောင်းမြ)**
**(သူငယ်ချင်းများနှင့်မိသားစုများ)**

## ဦးစောမြင့်မောင် (၂၃.၆.၁၉၄၂ - ၂၀.၇.၂၀၂၁)
**(ပထမအကြိမ်အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ အကြံပေးအဖွဲ့ဝင်)**

ဆရာ ဦးစောမြင့်မောင် ကွယ်လွန်ခဲ့သည်မှာ (၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်သတိတရ အလှူဒါနများပြုလုပ်လျက်ရှိပါသည်။ ဦးစောမြင့်မောင်အားရည်စူး၍ နေ့စဉ်၊ လစဉ် ပြုလုပ်သော ကောင်းမှုကုသိုလ်များနှင့် ယနေ့ ၂၀-၇-၂၀၂၂ ရက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ပြုလုပ်သော ဒါနကုသိုလ်အစုစုတို့အား အမျှ- အမျှ- အမျှ ပေးဝေပါသည်။ ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာ ကောင်းစွာခေါ်ဆိုနိုင်ပါစေ။

**ဒေါ်တင်နွယ်ဦး မိသားစု**

**ဘုရား၊ ရဟန်း၊ တန်ဆောင်း၊ ရေချမ်းစင် ဒါယိကာမကြီး**
## ဒေါ်မာသီ(ခ) ဒေါ်ဝေဝေထက်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းနေ ဦးတင်ထွန်းအောင်၏ဇနီး၊ ဦးခင်မောင်မြင့်-ဒေါ်သိန်းမြ၊ ဒေါ်သန်းသန်းဆင့်တို့၏ညီမ၊ ဒေါ်ခင်ငွေး၏အစ်မ၊ မထူးမြတ်တင့်ဝေ၏ မွေးသမိခင် ဒေါ်မာသီ(ခ)ဒေါ်ဝေဝေထက်သည် ၁၉-၇-၂၀၂၂ (အင်္ဂါနေ့) နံနက် ၇:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

စန္ဒရားတင်ဝင်းလှိုင် ကွယ်လွန်သွားကြောင်း သိရသဖြင့် အထူးဝမ်းနည်းရပါကြောင်း။

**မြန်မာစာဆရာ ဦးမြင့်ကြည်နှင့် မိသားစု**

## ဦးလှိုင်ဝင်း
**ရဲမှူးကြီး(ငြိမ်း)**
**ပြည်ထဲရေးဝန်ကြီးဌာန**
### အသက်(၇၃)နှစ်

(ဦးစိန်တိုး-ဒေါ်ခင်ချစ်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန်လမ်းသွယ်(၃)၊ အမှတ်(၅၉၅)နေ ဒေါ်အုံးတင် (တွဲဖက်ပါမောက္ခ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြသန်း (ဥက္ကဋ္ဌ၊ ကမ္ဘောဇဘဏ်)-ဒေါ်ခင်စန်းဝေတို့၏ ညီ/မောင်၊ ဦးချမ်းငြိမ်းအေး-ဒေါ်ခင်ဇာခြည်ဝင်း၊ ဦးတင်မောင်နိုင်-ဒေါ်သက်နှင်းဦးတို့၏ ချစ်လှစွာသောဖခင်၊ မအေးမြသက်နိုင်၏ ချစ်လှစွာသောအဘိုး ရဲမှူးကြီး လှိုင်ဝင်း(ငြိမ်း) သည် ၁၈-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အမှတ်(၅၉၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရဲမှူးကြီး လှိုင်ဝင်း (ငြိမ်း)
**OTS 45**
### အသက် (၇၃)နှစ်

သူငယ်ချင်း ၁၈-၇-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS 45**
**သူငယ်ချင်းများနှင့် မိသားစုများ**

## ဦးသော်
**ကျေး/ရေ (ငြိမ်း)**
**ဟိုင်းကြီး/မရမ်းကွင်း**
### အသက်(၉၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥ (၃)လမ်း၊ အမှတ်(၉၀၀)နေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ ဦးမြင့်ဦး-(ဒေါ်ကေသီ)၊ ဒေါ်ရီရီဝင်း၊ ဦးမြင့်ဟန်-ဒေါ်သော်တာစန်းဝင်း၊ ဦးသန်းအောင်-ဒေါ်ခင်သိုက်စိုး၊ ဦးစိုးမြတ်ထွန်း-ဒေါ်ယဉ်ယဉ်အေးတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၉-၇-၂၀၂၂ ရက် နံနက် ၁:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၂ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်မြသန်း (ပန်းတနော်မြို့)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ အနောက်ပိုင်းရပ်ကွက် (၈၇)လမ်း၊ အမှတ် (၂၅)နေ (ဦးအေးမောင်-ဒေါ်သိန်းချစ်)တို့၏ သမီးကြီး (ဦးချစ်ဆွေ-ဒေါ်လှမြိုင်)၊ ဦးသန်းအေး-(ဒေါ်စန်းရီ)၊ ဦးသန်းလွင်-ဒေါ်အေးသိန်း၊ ဒေါ်မြဝင်း၊ (ဦးသန်းလွင်)၊ ဒေါ်ခင်စန်းဝင်းတို့၏ အစ်မ၊ ဦးဇော်ဇော်၊ ဒေါ်မီမီခိုင်၊ ဒေါ်မီမီလှိုင်၊ ဦးရဲလွင်၊ ကိုညီညီထွန်းတို့၏ အဒေါ်(ဒေါ်မြသန်းနှင့် ညီမများ၊ မြတ်မဉ္ဇူ အင်ဒိုနီးရှားပါတိတ်ရောင်းဝယ်ရေး၊ ရွှေမင်္ဂလာဈေး)သည် ၁၉-၇-၂၀၂၂ ရက် နံနက် ၆:၁၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဒေါက်တာဦးဉာဏ်မြင့်
**M.B., B.S (Mdy)**
### အသက်(၈၄)နှစ်

ကျေးဇူးရှင်ဖေဖေ ဘဝတစ်ပါးသို့ ပြောင်းသွားသည်မှာ ၂၀-၇-၂၀၂၂ ရက်ဆိုလျှင် တစ်နှစ်တင်းတင်းပြည့်ပါသော်လည်း နေ့စဉ်သတိရပြီး ကျေးဇူးတရားကို အောက်မေ့လျက် ရည်စူးကုသိုလ်များ ပြုလုပ်ပေးနေပါသည်။

မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်ဆိုပါ..... ဖေဖေ

**ဇနီး - ဒေါ်နန်းခမ်း**
**သားများ - ဦးဉာဏ်မိုး- ဒေါ်ခင်နှင်းအောင်**
**- ဒေါက်တာဉာဏ်တိုး - ဒေါက်တာအေးမင်းသန့်**
**- ဒေါက်တာဉာဏ်ကိုး - ဒေါက်တာမြသန္တာစိုး**
**- မြေးများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်း
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၈၀၈)နေ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်တွတ်(ခ)ဒေါ်ခင်စန်း၏ခင်ပွန်း၊ ဒေါ်ခင်ချိုဦး၊ ဦးဘုန်းပြည့်၊ ဦးဇော်-ဒေါ်ခင်ချိုဆက် (စိန်ဆဒ္ဒန် အိမ်ဆောက်ပစ္စည်းဆိုင်-ပင်းတယမြို့)၊ ဦးထွန်းထွန်း- ဒေါ်ခင်ချိုသက် (Taiwan)၊ ဦးဘုန်းပြည့်လွင်-ဒေါ်စန်းသီတာဇော်(Singapore)၊ ဦးဘုန်းပြည့်နိုင်-ဒေါ်မေနှင်းမိုး (နှင်းရတနာစတိုး) တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုး၊ တူ/တူမ ကိုးယောက်တို့၏ဘကြီး ဦးမြင့်သိန်းသည် ၁၈-၇-၂၀၂၂ (တနင်္လာနေ့) ညနေ ၄:၂၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၂ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ သီတာ လမ်း၊ မြေကွက်အမှတ် (၁၇၃၆/က)၊ မြေအကျယ်အဝန်း အလျား (၂၀) ပေ× အနံ (၆၀)ပေရှိ ဦးဝင်းမြင့် (D/RGN -007189) အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးအောင်မော်ထွန်း (၁၂/အလန(နိုင်)၀၂၃၆၉၃)မှ အထက်ပါမြေကွက်နှင့် အဆောက်အအုံအား ၎င်းသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဒေါ် ရည်မွန်သန္တကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့တိကျခိုင်လုံသောတရားဝင် စာချုပ်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိမျိုးသွဲ့ (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၆၀၈)
အမှတ် (၁၀)၊ (၃)လွှာ၊ သံသုမာလမ်း၊ (ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၄၄၀၇၃၄၄၇

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မော်လမြိုင်မြို့၊ ကျိုက်ဖနဲရပ်ကွက်၊ ဒိုင်းဝန်ကွင်းလမ်း၊ ပန်းထိမ်တန်းရပ်၊ အိမ်အမှတ်(၇၂)နေ မိခင်ဖြစ်သူ ဒေါ်သန်းမြင့်[၁၀/မလမ(နိုင်)၀၁၄၂၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-


ဒေါ်သန်းမြင့်၏ သမီးလတ်ဖြစ်သူ မအေးမီထွန်း [၁၀/မလမ(နိုင်)၁၄၁၂၇၃]သည် မိခင်အား စိတ်ဆင်းရဲသောကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်သောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သန်းမြင့်**
**[၁၀/မလမ(နိုင်)၀၁၄၂၃၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၇၇)**
**အမှတ်(၆၅)၊ ပျဉ်ထောင်တန်းရပ်၊**
**ကျိုက်ဖနဲရပ်ကွက်၊ မော်လမြိုင်မြို့။**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

- ရိုးရိုးမီးလုံး၊ မီးချောင်းထက် Energy Saving Lamp ကို ရွေးချယ် အသုံးပြုသင့်သည်။
- Energy Saving Lamp ထက် LED မီးလုံး မီးချောင်းများကို ရွေးချယ် အသုံးပြုသင့်သည်။







## မူး ယစ် ကို ပစ် ပန်း တိုင် သစ်
## စိတ် သစ် လူ သစ် ဘ ဝ သစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

ယနေ့ ဖတ်စရာ

**တရုတ်နိုင်ငံ၌ 5G အခြေစိုက်စခန်းပေါင်း ၁ ဒသမ ၈၅ သန်းကျော် အသုံးပြုလျက်ရှိ**

စာမျက်နှာ - ၁၂

**အောင်မြေသာစံမြို့နယ်ရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြား သင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

စာမျက်နှာ - ၁၅

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၉**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်းသိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ -

**ပြည်တွင်း ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့်

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ❖

## မြန်မာအသင်းယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲဝင်အသင်းအချို့ ပြောင်းလဲ



၂၀၂၂ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းအသင်း တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် ဇူလိုင် ၁၉**

ဗီယက်နမ် ဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၂ ခုနှစ် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သည့် International U-19 Thanh Nien Cup ပြိုင်ပွဲဝင်အသင်းအချို့ အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းအချို့ အပြောင်းအလဲ ရှိခဲ့သော်လည်း စုစုပေါင်းလေးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်ဗီယက်နမ်အသင်းနှင့် မြန်မာအသင်းမှာ ပုံမှန်အတိုင်း ယှဉ်ပြိုင်မည် ဖြစ်သော်လည်း အသင်းသစ်အဖြစ် မလေးရှားနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၂၅ ကော်လံ ၄ သို့** ☆



## အာဆင်နယ်အသင်းက မန်စီးတီးကွင်းလယ်လူ ဇင်ချန်ကိုအား ခေါ်ယူရန် သဘောတူညီမှုရရှိ

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပြိုင်ဘက် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ဇင်ချန်ကိုအား ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ နဲ့ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ဇင်ချန်ကိုဟာ မန်စီးတီးအသင်းရဲ့ ဘယ်နောက်ခံနေရာမှာလည်း ပွဲစဉ်အများအပြား ပါဝင်ကစားပေးခဲ့ပြီး လက်ရှိအချိန်မှာ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းနဲ့အတူ ရာသီအကြိုပွဲစဉ်တွေကစားဖို့ အမေရိကန်မှာ ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ✳